ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ တနင်္လာနေ့၊ **(6-12-2010)** (ဖြေ၀၄)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ဆွေးနွေးဖလှယ်ခဲ့ကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များနှင့် ရလဒ်များကို ပြည်သူ့ကျန်းမာရေးအကျိုးပြုလုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် ပြန်လည်အသုံးချနိုင်

နေပြည်တော်　　　ဒီဇင်ဘာ　　　၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူအများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ရေးဟူသော မှန်မြတ်သည့် ဦးတည်ချက်များဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၌ ကြည့်ရှုစစ်ဆေးစဉ်။ (ယာပုံ)　(သတင်းစဉ်)

အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ကို တွေ့ရစဉ်။(အောက်ပုံ)　(သတင်းစဉ်)

အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)ဖွင့်လှစ် အမိုးနီးယားနှင့် ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်နိုင် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်) မကြာမီဖွင့်လှစ်မည်

နေပြည်တော်　　　ဒီဇင်ဘာ　　　၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ အဆိုပါစက်ရုံ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၅ ကော်လံ ၁ သို့○**

ကြေးမုံ
The Mirror

၆-၁၂-၂၀၁၀
(တနင်္လာနေ့)

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု တူးဖော်သုတေသနပြု

မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ့မြေပေါ်တွင် လူသားမျိုးနွယ်အဖြစ် စတင်ပေါ်ပေါက်လာသည်မှ အစပြု၍ ယဉ်ကျေးမှုနယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်လာခဲ့သည်ကို မြေပေါ်ယဉ်ကျေးမှုအမွေအနှစ်များက ညွှန်ပြနေသည်။ မြေအောက်မှ တူးဖော်ရရှိသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များက ခိုင်မာသည့် အထောက်အထားများအဖြစ် ပြသလျက်ရှိသည်။

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသတွင် ရှေးဟောင်းဘုရားစေတီပုထိုးပေါင်းများစွာကို ဖူးတွေ့နိုင်သည်။ ဘုရား၊ ကျောင်းကန်များရှိ နံရံဆေးရေးပန်းချီများနှင့် ရှေးဟောင်းအဆောက်အအုံများရှိ အနုပညာမြောက် လက်ရာများစွာကို လေ့လာတွေ့ရှိနိုင်ဆဲဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက မြို့ပြယဉ်ကျေးမှုများ ထွန်းကားခဲ့သည့် ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းများကို ရှာဖွေတူးဖော် သုတေသနပြုကြသည်။ မိုင်းမော၊ မြစ်သားမြို့နယ်ရှိ ပင်လယ်မြို့ဟောင်း၊ နွားထိုးကြီးမြို့နယ်ရှိ ဝတီးမြို့ဟောင်း စသည်တို့ကို ဆက်လက်တူးဖော် သုတေသနပြုလျက်ရှိသည်။ ရှေးဟောင်းအဆောက်အအုံများ၊ ပန္နက်ပုံများ၊ အရိုးအိုးနှင့် အသုံးအဆောင်ပစ္စည်းများကို ရှာဖွေတွေ့ရှိနေဆဲဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရှိ ဝတီးမြို့ဟောင်းကို ၂၀၀၈-၂၀၀၉ နှစ်မှစ၍ တူးဖော် သုတေသနပြုခဲ့သည်။ တတိယအကြိမ်အထိ ဆက်လက်တူးဖော်ခဲ့ရာ ကြေးချူ ကြေးပြား၊ ရုပ်ဒိုးပြား၊ သဲကျောက်ပြား၊ ယောက်သွားခွံ၊ လချေးပြား၊ မီးသွေးစ၊ သန်လျက်၊ သံမှို အစရှိသည်တို့တွေ့ရှိရသည်။ ဝတီးမြို့ဟောင်းမှ တွေ့ရှိရသော ပစ္စည်းများ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများသည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့ဟောင်းတို့နှင့် တူညီသဖြင့် ပျူမြို့ဟောင်းဖြစ်ကြောင်း သက်သေထူနိုင်ခဲ့သည်။

ထို့အပြင် အဆောက်အအုံ၏ အုတ်ပန္နက်များ၊ မြို့ရိုးများ၊ တူးဖော်တွေ့ရှိရသော သံခေတ်သုံး မြေအိုးများ၊ ပျူခေတ်ဦးကာလ မြေအိုးခြမ်းပဲ့အထောက်အထားများအရ ပျူခေတ်ဦးကာလမြို့ဟောင်းတစ်ခုဖြစ်ကြောင်းသိရသည်။

ဘိုးဘွားအမွေအနှစ် ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းအဆောက်အအုံများ၊ အနုပညာလက်ရာများ၊ အသုံးအဆောင်ပစ္စည်းများသည် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ ဖြစ်သည်။ ပြည်သူများအားလုံးက ဒေသအလိုက် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ၊ အနုပညာလက်ရာများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအထောက်အထားများကို ဆက်လက်ရှာဖွေ သုတေသနပြုကြခြင်းဖြင့် သမိုင်းတန်ဖိုး ကြီးမားလှသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။ ။

လုပ်ငန်းခွင်ဝင် စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ဒီပလိုမာ လေးလသင်တန်းများ ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၅

လုပ်ငန်းခွင်ဝင် စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု Diploma သင်တန်းများဖြစ်သော Diploma in Business သင်တန်းနှင့် Diploma in Marketing သင်တန်းများကို Thames Management Centre (Yangon)၌ စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းသင်တန်းများ၏ ရည်ရွယ်ချက်မှာ စီးပွားရေးနယ်ပယ်အသီးသီးတွင် ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက အခြေခံကျသည့် စီမံခန့်ခွဲမှု သဘောတရားများကို သိရှိနားလည်စေရန်၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းများကို စနစ်တကျရေးဆွဲနိုင်ရန်၊ ရုံးလုပ်ငန်းဆိုင်ရာ IT နည်းပညာရပ်များကို စနစ်တကျ တတ်ကျွမ်းစေရန်နှင့် စီးပွားရေးနှင့် ဈေးကွက်အတွင်း စနစ်တကျရှိရမည့် လူထုဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်မှုသာမက လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုကိုပါ ရည်ရွယ်ခြင်းဖြစ်ကြောင်းနှင့် ၎င်းသင်တန်းများအား တက္ကသိုလ်ဝင်တန်း အဆင့်ရှိသူများမှစ၍ တက်ရောက်သင်ကြားနိုင်ပြီး အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှုပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိမှာဖြစ်ကြောင်း သိရှိရသည်။

သင်တန်းများတွင် ဘာသာရပ်လေးခုစီပါရှိမည်ဖြစ်သည်။ Diploma in Business တွင် Computer Application, Accounting Fundamental, Essentials of Management Skills, Communication Skills at Work ဟူသည့် ဘာသာရပ်များဖြစ်ပြီး Diploma in Marketing တွင် Computer Application, Marketing Studies, Consumer Behaviour Studies, Interpersonal Skills ဟူသည့် ဘာသာရပ်များ ပါရှိမည်ဖြစ်သည်။

သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သွင်းကုန်ထုတ်ကုန်လုပ်ငန်းကြီးများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ Shopping Centre များ၊ စတိုးဆိုင်ကြီးများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် စက်ရုံ၊ အလုပ်ရုံကြီးများ အစရှိသော စီးပွားရေးလုပ်ငန်းနယ်ပယ် အသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Thames Management Centre မြေနီကုန်းပလာဇာ(ဒုတိယထပ်) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန် ဖုန်း-၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀၊ ၇၀၆၇၄၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်း ထီးစက်ရုံနှင့် စက်ဘီးစက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းမပေါ်ရှိ မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာ့ထီးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ထားသော ထီးအစိတ်အပိုင်းပစ္စည်းများ၊ ကုန်ထုတ်ဌာနများ၌ ထီးအစိတ်အပိုင်းပစ္စည်းများ ထုတ်လုပ်နေမှုနှင့် စက်ရုံမှ ထုတ်လုပ်ထားသော အဆင်ဒီဇိုင်းအရွယ်အစားအမျိုးမျိုးရှိ ထီးများအား ကြည့်ရှုစစ်ဆေးကာ ခိုင်ခံ့သပ်ရပ်လှပ၍ အရည်အသွေးကောင်းသော ထီးများကို ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း စက်ဘီးစက်ရုံ (ရန်ကုန်)သို့ ရောက်ရှိပြီး စက်ဘီးအစိတ်အပိုင်း ပစ္စည်းများ ထုတ်လုပ်သည့် ဌာနများ၌ ကုန်ထုတ်လုပ်မှုအခြေအနေနှင့် ထုတ်လုပ်ထားသော ပစ္စည်းများကို လည်းကောင်း၊ စက်ရုံမှ ထုတ်လုပ်ထားသော လူစီးနှင့် ကုန်တင်ဆိုက်ကားများ၊ စက်ဘီးအမျိုးမျိုး၊ ကျန်းမာရေး လေ့ကျင့်ခန်းဘီး၊ လေးဘီးဆုံလည်နှင့် ခြေထောက်လေ့ကျင့်ခန်း ကိရိယာတို့ကို လည်းကောင်း၊ လျှပ်စစ်ဆိုက်ကား စမ်းသပ်ထုတ်လုပ်မည့် အခြေအနေနှင့် တပ်ဆင်သုံးစွဲမည့် စက်အစိတ်အပိုင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ စမ်းသပ်တီထွင်မှုနှင့် ထုတ်လုပ်သော စက်ဘီး၏အရည်အသွေးကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စက်ဘီးစက်ရုံ (ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပန်းချီဆရာကြီး ဦးဘဉာဏ်၏ ဂန္ထဝင်လက်ရာများ အထူးပန်းချီပြပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၅

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပန်းချီဆရာကြီး ဦးဘဉာဏ်၏ ဂန္ထဝင်လက်ရာများ အထူးပန်းချီပြပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ပန်းချီပန်းပုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ပန်းချီဆရာကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသူများက ပြခန်းအတွင်း ပြသထားသော ပန်းချီလက်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာကြီး ဦးဘဉာဏ်၏ ဂန္ထဝင်လက်ရာမြောက် ပန်းချီကားချပ်ပေါင်း ၆၀ ကို ပြသထားပြီး ပြပွဲကို ဒီဇင်ဘာ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ပြသသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ပေါင်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် စုံညီစည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၅

ပေါင်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်စုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံ မြို့နယ် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် မွန်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင်အဘိုး၊ အဘွားများအား ပူဇော်ပွဲနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် အသင်းဝင်များ၏ သားသမီးများသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်၊ အမှတ်စာရင်းမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ စသည့် အထောက်အထားများကို ဥက္ကဋ္ဌ ဦးချစ်ဖေ ဖုန်း-၀၁-၇၃၀၆၅၄၀၄၊ အတွင်းရေးမှူး ဦးသန်းရွှေ ဖုန်း-၀၁-၅၃၉၅၅၂၊ တွဲဖက်အတွင်းရေးမှူး-၁ ဒေါ်ရင်ဝင်း ဖုန်း-၀၁-၆၅၁ ၀၂၄၊ ဘဏ္ဍာရေးမှူး ဒေါ်ကွန်ချစ်ချစ် ဖုန်း-၀၁-၅၅၄၉၂၆ တို့သို့ ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ဖျာပုံမြို့ အထက(၃) (ယခင် ကရင်ကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

ဖျာပုံမြို့ (၈)ရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ယခင်ကရင်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲအတွက် ကုသိုလ်ပါဝင်လိုပါက ရန်ကုန်မြို့တွင် ဦးအောင်ဦး ဖုန်း-၅၆၃၁၇၆၊ ဒေါက်တာရီရီမြ ဖုန်း-၅၇၂၁၄၇၊ ဆရာမကြီးနော်ကစ်တီ (အမက-၁ ဒဂုံ)ဖုန်း-၃၈၄၄၃၂၊ ဒေါ်စမ်းစမ်းမော် ဖုန်း-၅၁၁၈၄၈၊ ဖျာပုံမြို့တွင် ဒေါ်စန်းယဉ်(ရွှေခြသေ့ သက်န်းတိုက်) ဖုန်း-၀၄၅-၄၀၇၀၇၊ ဒေါ်မြင့်မြင့်သန်းကြီး(ရှေ့နေ)ဖုန်း-၀၄၅-၄၀၂၃၂၊ဒေါ်မူမူရွှေ(အထက်တန်းပြ၊ အထက-၁) ဖုန်း-၀၄၅-၄၀၀၁၈၊ဒေါ်သန်းသန်းဝင်း(သန်းသန်းထမင်းဆိုင်)၊ ဦးဇော်လတ် ဖုန်း-၀၄၅-၄၀၇၅၅၊ ဦးလှိုင်မျိုးဇော် ဖုန်း-၀၄၅-၄၀၉၈၇၊ ဦးဟိန်းဇေလင်း(ပီစီကွန်ပျူတာ)ဖုန်း-၀၉-၈၅၉၁၉၆၃၊ဦးမောင်မောင်မြင့်(ရှေ့နေ) ဖုန်း-၀၉-၈၅၉၀၁၁၉နှင့် သတင်းထောက်သူဇာနွယ် ဖုန်း-၀၄၅-၄၁၃၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၈)

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးသီဟံစိုး ဖတ်ကြားစဉ်။ (ကြေးမုံ)

✻ မြန်မာ့တိုင်းရင်းဆေးမှ

၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် အစဉ်အလာမပျက် အောင်မြင်စွာ ကျင်းပလာခဲ့ရာ ယခုနှစ်တွင် တစ်ဆယ့်တစ်ကြိမ်သို့တိုင် ရောက်ရှိလာပြီဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဤသို့ မွန်မြတ်မှန်ကန်သော အစဉ်အလာကောင်းများနှင့်အညီ ကျင်းပနေသော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ၌ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ချစ်ကြည်ရင်းနှီးစွာတွေ့ဆုံလျက် ပညာမျှဝေဆွေးနွေးဖလှယ်ကြသည့် မင်္ဂလာအခါသမယတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းစွာဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ကမ္ဘာတစ်ဝန်းလုံးအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိစေရေးအတွက် စိတ်တူကိုယ်မျှ ဝိုင်းဝန်းကြံဆောင် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စတင်ကျင်းပခဲ့သည့်အချိန်မှစ၍ ဆယ်စုနှစ်တစ်ခုကျော်ဖြတ်ပြီးသည့် အချိန်ကာလအတွင်း မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စုစည်းညီညွတ်သော စွမ်းပကားဖြင့် ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် မြန်မာ့တိုင်းရင်းဆေးလောကတွင် မှတ်တမ်းတင်ကျန်ရစ်မည့် တိုးတက်မှုအခြေခံကောင်းများ အရှိန်အဟုန်မြင့်မားစွာ အောင်မြင်ဖြစ်ထွန်းလာခဲ့သည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရသည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ ကျန်းမာကြံ့ခိုင်၍ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားဖြစ်ထွန်းရေးမှာ မရှိမဖြစ်သော အမျိုးသားရေးလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူများက မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့် တိုင်းရင်းဆေးဝါးများကို အားကိုးယုံကြည်စွာ အသုံးပြုလျက်ရှိပြီး မြန်မာနိုင်ငံတွင် လူဦးရေအများဆုံး နေထိုင်ကြသည့် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်းပါးသော အစွန်အဖျားဒေသများအထိ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ ဖြန့်ကြက်ရောက်ရှိနေပြီဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူတစ်ရပ်လုံးအား ကျန်းမာရေးအပြည့်အဝ လွှမ်းခြုံစောင့်ရှောက်မှုပေးနိုင်စေရန် အမျိုးသားကျန်းမာရေးစီမံကိန်းများ စနစ်တကျရေးဆွဲချမှတ် အကောင်အထည်ဖော်လျက်ရှိရာ အရည်အသွေးပြည့်ဝမြင့်မားသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ လေးနက်ခိုင်မာသည့် ပညာရပ်အဆီအနှစ်၊ ထူးခြားဆန်းသစ်သည့် ကုသမှုစွမ်းရည်နှင့် ဘေးအန္တရာယ်ကင်းရှင်း၍ အစွမ်းအာနိသင် ထိရောက်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် စိတ်တူကိုယ်မျှ ညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များနှင့် ရလဒ်များကို ပြည်သူ့ကျန်းမာရေး အကျိုးပြုလုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် ပြန်လည်အသုံးချနိုင်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းလျက် ရှိသည်ကိုလည်း တွေ့မြင်နေကြရပြီဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းတန်ဖိုးမြင့်မားသည့် ရှေးဟောင်းအမွေအနှစ် ဆေးပညာတစ်ရပ်ဖြစ်ပါသည်။ ထိုမျှမက မော်ကွန်းကမ္ပည်းတွင်ခဲ့သည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့ရာသီဥတု၊ ရေမြေတောတောင်သဘာဝ၊ မြန်မာ့ယဉ်ကျေးမှုရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းစဉ်လာများ ထုံမွှမ်းလျက် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော ထီးနန်းသုံးတော်ဝင် အမျိုးသားဆေးပညာလည်းဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ် အခြေခိုင်မာသည့် မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက် မြန်မာ့ဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူကာ အနာရောဂါကင်းရှင်းလျက် ကျန်းမာအသက်ရှည်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် လက်ရုံးရည်၊ နှလုံးရည် အထူးထက်မြက်မြင့်မားသောလူမျိုးအဖြစ် ကမ္ဘာက အသိအမှတ်ပြုကြရသည်အထိ ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ခဲ့ကြပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် မြန်မာနိုင်ငံအတွင်း သဘာဝအလျောက် ပေါများစွာ ဖြစ်ထွန်းတည်ရှိနေသော သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည့် အဖိုးတန်ပရဆေးပင်များ၊ ရေထွက်၊ မြေထွက်နှင့် တိရစ္ဆာန်ထွက် ဆေးဖက်ဝင်ပစ္စည်းများကို တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် ဆေးဝါးများအဖြစ် ဖော်ထုတ်သုံးစွဲလျက်ရှိပါသည်။ ယင်းသဘာဝ အရင်းအမြစ်များ ရှားပါးမှုမှကာကွယ်ရန်၊ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန်နှင့် ရေရှည်တည်တံ့ ပြန့်ပွားနေစေရန်အတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးတွင် တာဝန်ရှိပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကို ကမ္ဘာ့အဆင့်အတန်းမီ ဆေးပညာရပ်တစ်ခုအဖြစ် ဖြစ်ထွန်းလာစေရေးဆောင်ရွက်ရာတွင် ခေတ်မီသိပ္ပံနည်းပညာများ ယှဉ်တွဲလျက် သုတေသနပြုလုပ်ကာ ဆေးဝါးများဖော်ထုတ်ခြင်း၊ ခေတ်မီနည်းကိရိယာများအသုံးပြု၍ ရောဂါရှာဖွေကုသခြင်းပြုလုပ်ရာတွင် ခေတ်ပေါ်ဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာသည် ပင်ကိုမူလသဘာဝအားဖြင့် သိမ်မွေ့နူးညံ့လေးနက်သကဲ့သို့ အစဉ်အလာကြီးမားကာ အစွမ်းထက်မြက်သော အမျိုးသားရေးဂုဏ်ဒြပ် ဆေးပညာရပ်တစ်ခုဖြစ်ပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ ထူးခြားလေးနက်သော မူလအနှစ်သာရနှင့်အဆီအနှစ်များကို အလှုပေါ်အယဉ်ဆင့်ကာ ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ်မြှင့်တင်လျက် ကမ္ဘာ့မျက်နှာစာသို့တိုင် ထွန်းပေါက်ကျော်စောလာစေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး ညီညီညွတ်ညွတ် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် (၁၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးက တစ်ဆင့် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီး၏ မွန်မြတ်မှန်ကန်သည့် ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များအား မြန်မာ့တိုင်းရင်းဆေးသမားတော်များ စုစည်းညီညွတ်သောစွမ်းပကားဖြင့် ဆတက်ထမ်းပိုးအောင်မြင်ဖြစ်ထွန်းအောင် စွမ်းဆောင်ပေးနိုင်ကြပါစေ၊ အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ထူးခြားလေးနက်ပြည့်စုံသော မြန်မာ့တိုင်းရင်းဆေးပညာကို ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ပြီး နိုင်ငံတကာအလယ်ဝင့်ထည်စေရအောင် ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းကြိုးပမ်း အားထုတ်ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦး (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးက (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Amara ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီဝင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၁၂-၂၀၁၀ (တနင်္လာနေ့)

[၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ (ဥပုသ်နေ့)]

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၅ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၅ ၉။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၅ ၃။ အကပဒေသာ
- ၄:၄၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၁၃)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ ကမ္ဘာကျော် သရုပ်ဆောင်များ(အပိုင်း-၁)
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁၂)**
- ၁၈။ "သုခုမရင်ပြင်"
- ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၀။ အစီအစဉ်ပြီး၏။

သမားတော်ကြီးများ၊ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ဗြိတိသျှပါလီမန်တွင် တာဝန်ထမ်းဆောင်နေသော ရုရှားသူလျှိုမယ်ကို ဗြိတိန်ဖော်ထုတ်ခဲ့ဟုဆို

ဗြိတိန်ပါလီမန် လစ်ဘရယ်ဒီမိုကရက်တစ်အမတ် မိုက်ခ်ဟန်းကော့ခ်။

လန်ဒန် ဒီဇင်ဘာ ၅ - **ဗြိတိသျှပါလီမန်လွှတ်တော်အမတ်တစ်ဦးထံတွင် တာဝန်ထမ်းဆောင်နေသော ရုရှားနိုင်ငံသူ မိန်းမပျို တစ်ဦးကို ဗြိတိန်လုံခြုံရေးတာဝန်ရှိသူများက သူလျှိုမှုဖြင့် ထိန်းသိမ်းခဲ့ကြောင်း ဆန်းဒေးတိုင်းမ်စ်သတင်းစာက ယနေ့ဖော်ပြသည်။**

ကာတီယာ ဇာတူလီဗက်တာ အမည်ရှိ အသက် (၂၅)နှစ်အရွယ် ရုရှားမိန်းမပျိုသည် ရုရှားထောက်လှမ်းရေးအဖွဲ့က ဗြိတိန်နိုင်ငံ၌ နှစ်ရှည်လများ မြှုပ်နှံထားရှိသော ထောက်လှမ်းရေးသမားတစ်ဦးဖြစ်ကြောင်း ဆန်းဒေးတိုင်းမ်စ် သတင်းစာက ဖော်ပြထားသည်။

ပြစ်မှုထင်ရှားပါက ၎င်းကို ပြည်နှင်ဒဏ်ပေးဖွယ်ရာရှိကြောင်း သတင်းစာ၏အဆိုအရသိရသည်။

ကာတီယာ ဇာတူလီဗက်တာသည် ဗြိတိသျှပါလီမန်လွှတ်တော်၏ ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို လေ့လာဆန်းစစ်သည့် ကော်မတီတစ်ရပ်တွင် ပါဝင်သော လစ်ဘရယ်ဒီမိုကရက်တစ် လွှတ်တော်အမတ် မိုက်ခ်ဟန်းကော့ခ်၏ လက်အောက်၌ လက်ထောက်သုတေသနအရာရှိအဖြစ် အမှုထမ်းနေသူဖြစ်သည်။

သို့ရာတွင် ဇာတူလီဗက်တာသည် ရုရှားသူလျှိုတစ်ဦး မဟုတ်ကြောင်း၊ ၎င်းအနေဖြင့် ပြည်နှင်ဒဏ်ကို အယူခံဝင်ရလိမ့်မည်ဖြစ်ကြောင်း လွှတ်တော်အမတ်ဟန်းကော့ခ်က ပြောကြားသည်။

ဗြိတိန်ပြည်တွင်း ထောက်လှမ်းရေးအဖွဲ့ အမ်အိုင်-၅ သည် ဇာတူလီဗက်တာနှင့် ပတ်သက်၍ မည်သည့်သတိပေးချက်မျှ မိမိထံ ပေးပို့ခြင်းမရှိခဲ့ကြောင်း မစ္စတာဟန်းကော့ခ်က ဆိုသည်။

ဗြိတိသျှပါလီမန်လွှတ်တော်အမတ် မိုက်ခ်ဟန်းကော့ခ်၏ လက်အောက်တွင် ရုရှားနိုင်ငံသူ ဇာတူလီဗက်တာသည် သုံးနှစ်မျှ အနီးကပ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်းကို ဗြိတိန်လုံခြုံရေးတာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက်တွင် ဖမ်းဆီး ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့တော်ရှိ ရုရှားသံရုံးကမူ ယင်းပြဿနာနှင့် ပတ်သက်၍ တုံ့ပြန်ချက်တစ်စုံတစ်ရာ မပေးသေးပေ။ **ရိုက်တာ။**

ဒုစရိုက်ကျူးကျော်ရပ်ကွက်များ ငြိမ်းချမ်းရေး ဘရာဇီးစစ်ဘက် တာဝန်ယူမည်

ရီရိုဒီဂျနေးရိုး ဒီဇင်ဘာ ၅

လွန်ခဲ့သည့်လမှစ၍ မူးယစ်ဂိုဏ်းများကို စစ်ဆင်ရေး ပြုလုပ်ခဲ့သော ရီရိုဒီဂျနေးရိုးမြို့တော် ကျူးကျော်ရပ်ကွက်များ၌ ဘရာဇီးစစ်ဘက်က ငြိမ်းချမ်းမှုထိန်းသိမ်းရေးတာဝန်များ ယူဆောင်သွားမည်ဖြစ်ကြောင်း ဘရာဇီးကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး နယ်လ်ဆင်ဂျိုဘင်းက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားသည်။

ပထမဦးဆုံး

၂၀၀၄ခုနှစ်အတွင်းက ဟေတီနိုင်ငံတွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်အကြီးအကဲအဖြစ် ပါဝင်ထမ်းဆောင်ရာမှ ရရှိခဲ့သော အတွေ့အကြုံများအား အသုံးချ၍ မိမိအချုပ်အခြာပိုင်နယ်မြေအတွင်း ငြိမ်းချမ်းမှုထိန်းသိမ်းရေး မစ်ရှင်တစ်ရပ်ကို ဘရာဇီးစစ်ဘက်က ပထမဦးဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

ရီရိုဒီဂျနေးရိုးမြို့တောင်ပိုင်းရှိ အေလီမာအိုနှင့် ပင်ဟာကျူးကျော်ရပ်ကွက်များကို ရီရိုဒီဂျနေးရိုးပြည်နယ်၏ တောင်းဆိုချက်အရ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တာဝန်များရယူပေးရန် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက သဘောတူညီခဲ့ကြောင်း သိရသည်။

ဖမ်းဆီးသိမ်းဆည်း

နိုဝင်ဘာ ၂၁ ရက်တွင် စတင်ခဲ့သော ကျူးကျော်ရပ်ကွက်များအတွင်းရှိ မူးယစ်ဂိုဏ်းများနှိမ်နင်းမှုစစ်ဆင်ရေး၌ ဘရာဇီးရဲတပ်ဖွဲ့က လူပေါင်း ၁၁၈ဦးကို ဖမ်းဆီးခဲ့ပြီး သေနတ်အလက် ၅၁၈ လက်ကို သိမ်းဆည်းနိုင်ခဲ့သည်။

ရီရိုဒီဂျနေးရိုးမြို့တော်သည် ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုလည်းကောင်း၊ ၂၀၁၆ခုနှစ်တွင် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကိုလည်းကောင်း လက်ခံကျင်းပမည်ဖြစ်ရာ မြို့တော်၏ ဂုဏ်သိက္ခာမကျဆင်းစေရေးအတွက် ဒုစရိုက် ကျူးကျော်ရပ်ကွက်များ ရှင်းလင်းမှုစစ်ဆင်ရေးကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ။

နျူစစ်ဆေးရေးမှူးများနှင့် ပြည်ပသူလျှိုများရောနှောစေလွှတ်ခဲ့ကြောင်း အိုင်အေအီးအေကို အီရန်စွပ်စွဲ

တီဟီရန် ဒီဇင်ဘာ ၅

ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ဖြစ်သော နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)သည် ပြည်ပထောက်လှမ်းရေးအဖွဲ့မှ သူလျှိုများကို အီရန်နိုင်ငံသို့စေလွှတ်ခဲ့ကြောင်း၊ ယင်းနိုင်ငံက ဒီဇင်ဘာ ၄ ရက်တွင် စွပ်စွဲပြောကြားခဲ့ရာ အိုင်အေအီးအေနှင့် အီရန်နိုင်ငံတို့အကြား ဆက်ဆံရေး ဆိုးရွားလာသည့်လက္ခဏာကို ဆောင်နေကြောင်း သတင်းတွင် ဖော်ပြသည်။

အိုင်အေအီးအေသည် ၎င်း၏ နျူကလီးယား စစ်ဆေးရေးမှူးများအကြား ပြည်ပထောက်လှမ်းရေးအဖွဲ့များမှ သူလျှိုများကို ရောနှောစေလွှတ်ခဲ့ကြောင်း အီရန်ထောက်လှမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဟေဒါမော့စ်လေဟီက ပြောကြားသည်။

အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သော ကာလရှည်အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံတို့အကြား ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မကျင်းပမီ အိုင်အေအီးအေနှင့် ပတ်သက်၍ အီရန်၏ စွပ်စွဲချက်များ ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်၏စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက တုံ့ပြန်ချက်တစ်စုံတစ်ရာမပေးသေးပေ။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း အီရန်နျူကလီးယားသိပ္ပံပညာရှင်တစ်ဦး ဗုံးခွဲလုပ်ကြံခံရမှုနောက်ကွယ်တွင်လည်း ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့မှ ထောက်လှမ်းရေးအဖွဲ့များပါဝင်ခဲ့ကြောင်း အီရန်ထောက်လှမ်းရေးဝန်ကြီးဌာန ဝန်ကြီးက စွပ်စွဲခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

— — — — —

အစ္စရေးထောက်လှမ်းရေးကိရိယာများ ဟစ်ဇ်ဘိုလာ တွေ့ရှိခဲ့ရဟုဆို

ဘေရွတ် ဒီဇင်ဘာ ၅

ဟစ်ဇ်ဘိုလာ လက်နက်ကိုင်အုပ်စု၏ သီးသန့်အဝေးပြောဆက်သွယ်ရေး ကွန်ရက်ကို ကြားဖြတ်ထောက်လှမ်းရန် အစ္စရေး နိုင်ငံက လျှို့ဝှက်တပ်ဆင်ထားသော ကိရိယာများကို ဖော်ထုတ် တွေ့ရှိခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံနယ်စပ်မှ ငါးမိုင်အကွာရှိ လက်ဘနွန်ကျေးရွာတစ်ရွာဖြစ်သော မက်ဂျ်ဒဲလ် ကျေးရွာအနီးတွင် တွေ့ရှိခဲ့သည့် ထောက်လှမ်းရေးကိရိယာများကို အစ္စရေးတို့က အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထောက်လှမ်းရေးကိရိယာများတွေ့ရှိမှုနှင့် ဖောက်ခွဲဖျက်ဆီးခံရမှုများကို လက်ဘနွန်စစ်ဘက်ကလည်း အစီရင်ခံတင်ပြခဲ့ပြီး ပေါက်ကွဲမှုများကြောင့် အနီးဝန်းကျင်ရှိ လူနှစ်ဦးလည်း ဒဏ်ရာများ ရခဲ့သည်ဟုဆိုသည်။

အဆိုပါကိရိယာများသည် ဆက်သွယ်ရေးကွန်ရက်ကို ကြားဖြတ်ထောက်လှမ်းရန် ရည်ရွယ်ချက်ဖြင့် ထားရှိခြင်း ဖြစ်ကြောင်း လက်ဘနွန်စစ်ဘက်၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လက်ဘနွန်တောင်ပိုင်း အခြေစိုက် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့က မှတ်ချက် တစ်စုံတစ်ရာ မပြုခဲ့သလို အစ္စရေးတာဝန်ရှိသူများကလည်း ပြန်လည်တုံ့ပြန်ခြင်း မရှိခဲ့ပေ။

အေပီ။

အစ္စရေးတောမီးငြှိမ်းသတ်ရေး ကမ္ဘာ့အကြီးဆုံး မီးသတ်လေယာဉ်ကြီးပါဝင်ကူညီ

ဂျေရုဆလင် ဒီဇင်ဘာ ၅

အစ္စရေးနိုင်ငံ၏သမိုင်းတွင် အဆိုးရွားဆုံးဖြစ်သော တောမီးလောင်ကျွမ်းမှုကို နိုင်ငံတကာက ကူညီငြှိမ်းသတ်လျက်ရှိရာ အမေရိကန်နိုင်ငံ ဘိုးရင်းကုမ္ပဏီမှ ကမ္ဘာ့အကြီးဆုံး မီးသတ်လေယာဉ်ကြီးကလည်း ယနေ့ပူးပေါင်းပါဝင်ကာ တောမီးကိုငြှိမ်းသတ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဟိုင်ဖာဆိပ်ကမ်းမြို့မြောက်ပိုင်းဒေသတွင် စတုတ္ထမြောက်နေ့အဖြစ် လောင်ကျွမ်းဆဲဖြစ်သော တောမီးကို ဘိုးရင်းကုမ္ပဏီမှ အငှားဖြင့်ခေါ်ယူထားသော ဧရာမရေသယ်လေယာဉ်ကြီးဖြင့် တားဆီးနိုင်ရန် မျှော်လင့်ထားသည်။

ဘိုးရင်းကုမ္ပဏီ၏ မီးသတ်လေယာဉ်ကြီးကို အမေရိကန်လေယာဉ်ဝန်ထမ်းများက ထိန်းချုပ်မောင်းနှင်မည်ဖြစ်ပြီး အစ္စရေးလေတပ်မှ လေယာဉ်မှူးနှစ်ဦးနှင့် လေတပ်အခြေစိုက်စခန်းတပ်မှူးတစ်ဦးတို့ကလည်း လိုက်ပါကူညီကြမည်ဖြစ်သည်။

အဆိုပါ မီးသတ်လေယာဉ်ကြီးက ယင်းသယ်ဆောင်လာသော ရေဂါလန် ၂၀၅၀၀ နှင့် မီးထိန်းဓာတုပစ္စည်းများကို တောမီးလောင်ကျွမ်းမှုအား ငြှိမ်းသတ်ရန် ဖျန်းပက်နေချိန်တွင် ဒေသခံများအနေဖြင့် မိမိတို့၏ နေအိမ်အတွင်း၌သာနေရန်နှင့် အိမ်တံခါးများကို လုံခြုံစွာပိတ်ထားရန် ရဲတပ်ဖွဲ့က မေတ္တာရပ်ခံထားသည်။

အစ္စရေးနိုင်ငံတွင် လောင်ကျွမ်းနေဆဲဖြစ်သော တောမီးကြောင့် မြေအကျယ်အဝန်း ဟတ်တာ ၅၀၀၀ လောင်ကျွမ်းခံခဲ့ရပြီး လူ ၄၁ ဦးသေဆုံးကာ ၁၇၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ **အေအက်ဖ်ပီ။**

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့အနီး၌ တောမီးလောင်ကျွမ်းမှုကို မီးထိန်းဓာတုပစ္စည်းများ ပက်ဖျန်းငြှိမ်းသတ်နေသော ဘိုးရင်း ၇၄၇ မီးသတ်လေယာဉ်ကြီး။ (ဓာတ်ပုံ-အင်တာနက်)

ပီရူးရဲတပ်ဖွဲ့ လက်ဖြောင့်သေနတ်သမား၏ လက်ချက်ကြောင့် ဘဏ်ကို စီးနင်းပြန်ပေးဆွဲသူ သေဆုံး

လီမာ ဒီဇင်ဘာ ၅ - ပီရူးနိုင်ငံ လီမာမြို့တော်ရှိ ဘဏ်တစ်ခုကို ဝင်ရောက်ကာ လူပေါင်း ၃၄ဦးတို့အား ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းခဲ့သော ဘဏ်ဓားပြတစ်ဦးကို ပီရူးရဲတပ်ဖွဲ့ လက်ဖြောင့်တပ်သားတစ်ဦးက ပစ်ခတ်နှိမ်နင်းနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြသည်။

ပြန်ပေးဆွဲမှုဖြစ်စဉ်ကို ပီရူးရုပ်မြင်သံကြားက တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပြသခဲ့သည်။ လီမာမြို့တော် အထည်ချုပ်လုပ်ငန်း စက်မှုဇုန်တစ်ခုအတွင်းရှိ ကွန်တီနင်တယ်လ်ဘဏ်အတွင်းသို့ ၉-မမ ပစ္စတိုသေနတ်တစ်လက်ကိုင်ဆောင်ထားသော လူတစ်ဦးက ဒီဇင်ဘာ ၃ ရက်က ဝင်ရောက်လာပြီးနောက် ပြန်ပေးဆွဲမှုဖြစ်စဉ် စတင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၎င်းဘဏ်ဓားပြတွင် ဖောက်ခွဲရေးပစ္စည်းများလည်း ပါဝင်လာဖွယ်ရှိကြောင်း ပီရူးအထူးရဲတပ်ဖွဲ့ နည်းဗျူဟာအဖွဲ့ခွဲ အကြီးအကဲ ဂျူအန်ဖာနန်ဒက်ဇ်က ပြောကြားသည်။ အဆိုပါ ဘဏ်ဓားပြသည် ဘဏ်တွင်းမှ ပြန်လည်ထွက်ခွာရန်ပြင်ဆင်ဆဲ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသောကြောင့် ဘဏ်အတွင်းရှိလူများကို ပြန်ပေးဆွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပီရူးရဲတပ်ဖွဲ့ဝင် ၁၀၀ ခန့်တို့က ဘဏ်ကိုဝန်းရံ၍ ဘဏ်ဓားပြ လက်နက်ချစေရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။

အဆိုပါ ဘဏ်ဓားပြသည် ၎င်းဘာလုပ်မည်ကို ကြိုတင်ခန့်မှန်းနိုင်ရန် ခက်ခဲသူဖြစ်ပြီး အမေရိကန် ဒေါ်လာ ၆၈၉၀၀၀ နှင့် ၎င်းထွက်ပြေးနိုင်ရန်အတွက် ရဟတ်ယာဉ်တစ်စင်းကို တောင်းဆိုခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီရူးရဲတပ်ဖွဲ့ဝင်အချို့က ပြန်ပေးဆွဲသမား အာရုံပြောင်းလာစေရန် လုပ်ဆောင်နေစဉ် လက်ဖြောင့်တပ်ဖွဲ့ဝင်တစ်ဦးက ဘဏ်အဆောက်အအုံလေဝင်ပေါက်တစ်လျှောက် တိတ်တဆိတ်တက်ရောက်ကာ ဘဏ်ဓားပြကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေပီ။**

ဘဏ်ဓားပြစီးနင်းထားသော ဘဏ်အတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းနေသော ပီရူးအထူးရဲတပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်မြေသြဇာစက်ရုံများ ရေရှည်စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်မှသာ နိုင်ငံတော်၏ ဓာတ်မြေသြဇာလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းနိုင်မှာဖြစ်

ရွှေဖုံးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စက်ရုံဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စက်ရုံဥပစာရှိ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီတို့က အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးများက အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

နေရာနှင့် အကျယ်အဝန်း၊ စက်ရုံ၏ ကုန်ကြမ်း လိုအပ်ချက်၊ ကုန်ချော ထုတ်လုပ်နိုင်မှုနှင့် စက်ဖက်ဆိုင်ရာ လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ဆွေးနွေးမှာကြားရာတွင် မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း လောလောဆယ်တွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံအားထားနေရသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ လယ်ယာကုန်ထုတ်စွမ်းအားစုကြီး တစ်ရပ်လုံးကို ထုတ်လုပ်မှု အရေအတွက်အရရော အရည်အသွေး တန်ဖိုးအရပါ အရှိန်အဟုန်ဖြင့် သိသာစွာ ပြောင်းလဲတိုးတက်စေရေးအတွက် ကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍသွင်းအားစုများ အပြည့်အဝ ထုတ်လုပ်ဖြည့်ဆည်း ပေးနိုင်ရေးသည်လည်း အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဓာတ်မြေသြဇာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဤအမှတ်(၄) ဓာတ်မြေသြဇာ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်မှသာ နိုင်ငံတော်၏ ဓာတ်မြေသြဇာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်း။

စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အဓိက လိုအပ်ချက်နှစ်ရပ်ဖြစ်သည့် အရည်အသွေး ပြည့်ဝသော ကျွမ်းကျင် စက်ရုံလုပ်သားများ ရရှိရေးနှင့် ရေးလုပ်ငန်းများကိုလည်း လစဉ်၊ နှစ်စဉ် စသည်ဖြင့် စက်ဖက်ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း တိတိကျကျ ဆောင်ရွက်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် ဤစက်ရုံကြီးသည် ဓာတုပစ္စည်းများဖြင့် ဆက်စပ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည့်အပြင် စက်ရုံဧရိယာမှာလည်း ကြီးမားကျယ်ပြန့်သဖြင့်

ထို့နောက် ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်သည် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) အတွင်း အမိုးနီးယားနှင့် ယူရီးယား ဓာတ်မြေသြဇာများ ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးချုပ်အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက စက်ရုံ၏ တည်

စက်ရုံ(မြောင်းတကာ)ကဲ့သို့ ဓာတ်မြေသြဇာစက်ရုံများကို နိုင်ငံတော်က နိုင်ငံခြားငွေအပါအဝင် ငွေကြေးအရင်းအနှီး မြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် စက်ရုံကြီးအပါအဝင် ဓာတ်မြေသြဇာစက်ရုံများ ရေရှည် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်

စက်ဖက်ဆိုင်ရာလုပ်ငန်းများ ချောမွေ့ကောင်းမွန်စွာ လည်ပတ်ရေးတို့ကို ဦးစားပေး ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများ ရရှိရေးအတွက် သက်ဆိုင်ရာဌာနများက စာတွေ့ သင်ကြားခြင်း၊ လက်တွေ့လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်ခြင်းများကို စဉ်ဆက်မပြတ် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ကုန်ထုတ်စက်ကရိယာများ၏ စက်ဖက်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ကြံ့ခိုင်

စက်ရုံလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ဘက်ပေါင်းစုံမှ အထူးဂရုပြုဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ အမှတ် (၄)ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ကို ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာတွင် ယူရီးယား ဓာတ်မြေသြဇာကို စတင်ထုတ်လုပ်နိုင်ခဲ့ကာ ယနေ့ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ စက်ရုံသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး မြေဧရိယာ အကျယ်အဝန်း ၂၀၆ ဒသမ ၅၈ ဧက ပေါ်၌ တည်ရှိပြီး တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယား ဓာတ်မြေသြဇာ တန် ၅၀၀ ထုတ်လုပ်နိုင်သည်။

စွမ်းအင်ဝန်ကြီးဌာနသည် လယ်ယာကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေးအတွက် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံကို မကွေးတိုင်းဒေသကြီး စလေ၌ လည်းကောင်း၊ အမှတ် (၂)ဓာတ်မြေသြဇာစက်ရုံကို မကွေးတိုင်းဒေသကြီး ကျွန်းချောင်း၌ လည်းကောင်း၊ အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံကို မကွေးတိုင်းဒေသကြီး ကျော်စွာ၌ လည်းကောင်း တည်ဆောက် ထုတ်လုပ်လျက်ရှိပြီး ယခု အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ၌ ထပ်မံတိုးချဲ့တည်ဆောက်ကာ ထုတ်လုပ်လျက် ရှိသည်။

ဆက်လက်၍ အမှတ် (၅)ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်)ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်၌ တည်ဆောက်လျက်ရှိပြီး မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီတို့ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာပို့စ်ဂျာနယ် အတွဲ(၂) အမှတ်(၄၆)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Groupမှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ဘယ်လိုရွေးချယ်တင်မြှောက်မလဲ၊ လွှတ်တော်ရှိလာပြီဖြစ်၍ စီးပွားရေးတွင် မြင်သာထင်သာပိုရှိလာမည်၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ပညာရှင်တွေ၊ မီဒီယာတွေနဲ့ မဲဆန္ဒရှင်တွေက ဝိုင်းဝန်းပံ့ပိုးပေးကြရန်လိုအပ်၊ ရွေးကောက်ပွဲအလွန်မြန်မာနိုင်ငံ စီးပွားရေးအပြောင်းအလဲတွင် ပြည်တွင်းစီးပွားရေးပညာရှင်များက ဘယ်လို ပံ့ပိုးဆောင်ရွက်နေကြပြီလဲ စသည့် Special Report များ၊ ရန်ကုန် ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းတို့တွင် သင်္ဘော ၇၅ စင်းတစ်ပြိုင်တည်း ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားသစ် တည်ဆောက်ရေးတွင် ၆၂ စင်းအထိ အေးရှားဝေါလ် ကုမ္ပဏီက တိုးချဲ့တည်ဆောက်နေပြီ၊ တိုးချဲ့ဗဟိုစံပြငါးဈေးသစ်ကြီးကို လှိုင်မြို့နယ် ဘုရင့်နောင်လမ်း လှိုင်မြစ်ဘေး၌ တည်ဆောက်မည်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရေးပါမှုအကြောင်း နယူးယောက်တိုင်းမ်သတင်းစာကြီးတွင် ရေးသားဖော်ပြထား၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းမကြီးပေါ်တွင် အရေးပါလာမည့် ဧရာဝတီတံတား (ပခုက္ကူ) ၂၀၁၁ ခုနှစ်တွင် ပြီးစီးရန် ကြိုးပမ်းလျက်ရှိ စသည့် မျက်နှာဖုံးသတင်းများကို ဖော်ပြထားသည်။

ထို့အပြင် ရေနံဓာတုစီမံကိန်းသစ်များ မြန်မာနိုင်ငံ၌ ဆောင်ရွက်ရန် တရုတ်စိတ်ဝင်စား၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံ တိုးမြှင့်ဆောင်ရွက်မည်၊ အမေရိကန်ဒေါ်လာဈေးနှုန်း မငြိမ်သက်မှုက ပြည်ပပို့ကုန်လုပ်ငန်းများအပေါ် သက်ရောက်မှုရှိ၊ ဂျူမုံနှင့်အတူ ရိုက်ခတ်ခဲ့သည့် ဟောလီဝုဒ် စည်းချက်များ၊ ဟာသဇာတ်ကားများ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရသင့်၊ မရသင့် စသည့် စိတ်ဝင်စားဖွယ် သတင်းဆောင်းပါးများနှင့် သတင်းများဖော်ပြပါရှိသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူအများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်နိုင်စေရေးဆိုသည့် မွန်မြတ်ကောင်းမွန်သော ဦးတည်ချက်များဖြင့် ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး ကျင်းပပြုလုပ်ခဲ့သည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို အခု ၂၀၁၀ ခုနှစ်တွင် (၁၁)ကြိမ်တိုင်အောင် ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

ယခုလို ဆယ်စုနှစ်ကျော်လွန်လာသောကာလတစ်လျှောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မပျက်မကွက်အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နှစ်စဉ်ညီလာခံများကချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ အခြေခံကောင်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲကြိုးပမ်းမှု အစဉ်အလာကောင်းများကြောင့် ဖြစ်ကြောင်းကို ဤညီလာခံမှတစ်ဆင့် မှတ်တမ်းတင်ဂုဏ်ပြုပြောကြားလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများ လက်ရှိအသုံးပြုလျက်ရှိသော နယကြီးလေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ဆေးပညာဖြစ်သည့်အတွက် အခြားနိုင်ငံက ဆေးပညာများနှင့်မတူဘဲ တစ်မူထူးခြားလေးနက်မှုရှိသည်ဟု ဆိုရမည်ဖြစ်သကဲ့သို့ နူးညံ့သိမ်မွေ့နက်ရှိုင်းသော သဘောတရားနှင့်အတူ အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါ ထူးခြားလေးနက်ပြီး အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့လာခဲ့သည့် အမျိုးသားရေးဂုဏ်ဒြပ် ဆေးပညာလည်းဖြစ်ကြောင်း၊ မြန်မာလူမျိုးများသည် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အတူ ပြည်တွင်းမှထွက်ရှိသည့် ရုက္ခနွယ်ဝင် သစ်မြစ်သစ်ဥပရဆေးမယ်များ၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်မြေထွက်သယံဇာတပစ္စည်းများနှင့် ဖော်စပ်ထားသော တိုင်းရင်းဆေးဝါးများသုံးစွဲပြီး ကျန်းမာအသက်ရှည်ခဲ့ကြသကဲ့သို့ လက်ရုံးရည်နှလုံးရည် ထက်မြက်မြင့်မားသည့် လူမျိုးများအဖြစ်လည်း အသိအမှတ်ပြုခြင်း ခံကြရကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုကျယ်ပြန့်စွာ စောင့်ရှောက်မှုပေးနိုင်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ ကမ္ဘာ့အလယ်ဝင့်ထည်စွာ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန်အတွက် လိုအပ်သည့်အစီအမံများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စဉ်ဆက်မပြတ် လမ်းညွှန်အားပေးပြီး အဘက်ဘက်မှ မြှင့်တင်စောင့်ရှောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"တိုင်းရင်းဆေးပညာရပ်ကို ခေတ်မီသိပ္ပံပညာနှင့် ပေါင်းစပ်လုပ်ကိုင်ရမှာ ဖြစ်သကဲ့သို့ အခြားနိုင်ငံများ၏ တိုင်းရင်းဆေးပညာများနှင့်ပါ ပေါင်းစပ်၍ မြန်မာ့တိုင်းရင်းဆေး၏ အခန်းကဏ္ဍ မြင့်မားတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းသွားရန်လိုကြောင်း"** လမ်းညွှန်ခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်နှင့်အညီ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပြည်သူလူထုကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်စေရေးအတွက် မူဝါဒနှင့် နည်းလမ်းများ ချမှတ်ဖော်ဆောင်ခြင်း၊ နှစ်စဉ်ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများ၌ ညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြသော တိုင်းရင်းဆေးပညာရလဒ်များကို ပြည်သူ့ကျန်းမာရေး အကျိုးပြုလုပ်ငန်းများဖြစ်သည့် ရောဂါကာကွယ် ကုသနှိမ်နင်းရေး၊ ပညာပေးလေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ အရည်အသွေးမီ ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရေးစသည့် နယ်ပယ်များတွင် ပြန်လည်အသုံးချခြင်းဖြင့် အမျိုးသား ကျန်းမာရေးကဏ္ဍအတွက် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမှာ ဖြစ်ကြောင်း။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ သဘောသဘာဝဖြစ်သည့် ခေတ်အဆက်ဆက် အမွေဆက်ခံလာသော တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုနည်းလမ်းများကို ခေတ်မီနည်းလမ်းများနှင့် စနစ်တကျ သုတေသနပြု ဖော်ထုတ်နိုင်မှုကြောင့် မြန်မာနိုင်ငံ၏ အဓိက ကျန်းမာရေး ပြဿနာများဖြစ်သည့် ငှက်ဖျား၊ သွေးတိုး၊ ဆီးချို၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါများကို ကုသနိုင်သော ရလဒ်ကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

အခြားတစ်ဘက်၌လည်း မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကိစ္စများကို နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်စသည့် အာရှနိုင်ငံများသာမက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလိုဆောင်ရွက်နိုင်တာနှင့်အမျှ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူလူထု ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှု ပိုမိုအကျိုးဖြစ်ထွန်းစေမှာလည်း ဖြစ်ကြောင်း၊

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်း (Globalization) ဖြစ်စဉ်နှင့်အတူ နိုင်ငံတကာ ကူးလူးဆက်ဆံမှုများ များပြားလာပြီး လူနေမှုဘဝပုံစံ (Life Style) များနှင့် အစားအသောက်၊ အနေအထိုင်များ ပြောင်းလဲလာခြင်းကြောင့် ရောဂါအသစ်အဆန်းများ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ပေါ်ပေါက်လျက်ရှိရာတွင် တချို့ရောဂါများသည် ခေတ်ပေါ်ဆေးများ မတိုးတော့သည်အထိ ဆေးကိုအန်တုလာကြတာ တွေ့ရှိရကြောင်း၊ ယခုလိုအခြေအနေတွင် အနောက်တိုင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ညှိနှိုင်းပေါင်းစပ်ယှဉ်တွဲ ကုသပေးသည့် နည်းလမ်းသည် တချို့သောရောဂါများတွင် ထိရောက်အကျိုးဖြစ်ထွန်းမှုရရှိနေတာ တွေ့ရှိရကြောင်း။

တစ်ဆက်တည်းတွင် မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့ထွန်းကားစေရေးအတွက် မြန်မာ့ရေမြေ တောတောင်သဘာဝနှင့် ရာသီဥတုအတွင်း ထွက်ရှိသော ရုက္ခအုပ်စုဝင် သစ်မြစ်သစ်ဥများ၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက် သယံဇာတပစ္စည်းများနှင့် ဆေးဖက်ဝင်အပင်များ၏ ရုက္ခဗေဒ အမျိုးအမည်များကို တိတိကျကျ ဖြစ်အောင် စံပြုသတ်မှတ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ပြည်တွင်း၌ နဂိုမူလရှိပြီးဖြစ်သည့် နိုင်ငံတော်၏ ဆေးဖက်ဝင် သယံဇာတအရင်းအမြစ်များ မပျောက်ပျက်စေရေး၊ တိုင်းရင်းဆေးဝါးများကို အမှီအခိုကင်းကင်းနှင့် ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ-

- **ရရှိဖြစ်ထွန်းနေသည့် အမျိုးသားကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်ကောင်းများကို ထိန်းသိမ်းပြီး အမျိုးသား ကျန်းမာရေးစီမံကိန်းများ အောင်မြင်ရေးအတွက် အနောက်တိုင်း ဆေးပညာရှင်များနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်သွားကြပါ။**
- **မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုကို ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်ကုသမှု ပေးနိုင်စေရေးအတွက် အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ပေးပို့သော သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖတ်ကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ညီလာခံကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ ပြခန်းငယ်များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် မြန်မာ့တိုင်းရင်းဆေး သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သောသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဖတ်ကြားစဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ပြခန်းငယ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမှတ်(၁)တပ်မတော်သားဖွား မီးယပ်နှင့် ကလေးဆေးရုံ ခုတင်(၃၀၀)သို့ ဆေးရုံသုံးဓာတ်လှေကားတစ်စင်း လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၅

အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် (၃၀၀) ၌ ဆေးရုံတက်ရောက်ကုသနေသော လူနာများအသုံးပြုရန်အတွက် ရန်ကုန်မြို့ရှိ Octagon Co., Ltd. မှ ငွေကျပ်သိန်း ၇၀၀ တန်ဖိုးရှိ ဆေးရုံသုံး ဓာတ်လှေကားတစ်စင်းကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့်ကလေး ဆေးရုံခုတင်(၃၀၀)၌ လှူဒါန်းရာ ဆေးရုံတပ်မှူး ဗိုလ်မှူးကြီး ဖုန်းမြင့်ထူးကရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် (၃၀၀)၌ လူနာများအသုံးပြုရန်အတွက် Octagon Co., Ltd. မှ ငွေကျပ်သိန်း ၇၀၀ တန်ဖိုးရှိ ဓာတ်လှေကားတစ်စင်း လှူဒါန်းရာ ဆေးရုံတပ်မှူး ဗိုလ်မှူးကြီးဖုန်းမြင့်ထူး လက်ခံစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၁၂-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ စိုက်ပျိုးသုတ
၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၇။ မျိုးချစ်တပ်မတော်
၄း၄၀ ၈။ လျှပ်တစ်ပြက်ရိုက်ချက်
၅း၂၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၂၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၅း၃၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-မိုးသောက်ကြယ် (အပိုင်း-၄၁)**
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၄၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၁၀)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ Talk Of The Town
၂၂။ မေးမြန်းစူးစမ်း
၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၂)**
၂၆။ Miniseries
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီတွင် တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှေ့ စုရပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ပါဝင်ဆင်နွှဲသည်။

စုပေါင်းလမ်းလျှောက်

ရှေးဦးစွာ တိုင်းမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းအုပ်ကြီးနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ရန်ကင်းပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ ပြည်သူလူထုတို့သည် ကျိုက္ကဆံကွင်းရှေ့ရှိ စုရပ်လမ်းဆုံမှတစ်ဆင့် အရှေ့မြင်းပြိုင်ကွင်းလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများသည် ကျိုက္ကဆံကွင်းအတွင်းသို့ ဝင်ရောက်ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလုပ်ငန်းများနှင့် အားကစားပြိုင်ပွဲများ ပြုလုပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပသည့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၏ (၄၉)ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ၊ နိဗ္ဗာန်စျေးပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွားများနှင့် ဝန်ထမ်းများက မေတ္တာပို့သ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တာဝန်ရှိသူတို့က ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့်အတူ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၄၉)ကြိမ်မြောက် ပျော်ပွဲ ရွှင်ပွဲ၊ နိဗ္ဗာန်စျေးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဘိုးဘွားများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်လှူဒါန်းကြပြီး နိဗ္ဗာန်စျေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၅ ရက်က ရန်ကုန်မြို့ ထိုင်းနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မွေးနေ့အထိမ်းအမှတ် ညစာ်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် ဇနီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူလူထုနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

သက်ကြီး ဂီတပညာရှင်များ ပူဇော်ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် ပစ္စည်းများကို လှူဒါန်းလိုပါက ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဖုန်း-၅၄၅၈၆၃ သို့ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၄)တောင်ငူ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

တောင်ငူမြို့ အထက(၄) ယခင်(ရှင်လုကာဒိုင်အိုစီဇင်)ကျောင်း ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ယင်းကျောင်း ပင်လုံခန်းမ၌ အာစရိယပူဇော်ပွဲ ကျင်းပရေး ကော်မတီက ကြီးမှူးကျင်းပမည်ဖြစ်သည်။

မြတ်ဆရာပူဇော်ပွဲသို့ ရပ်ဝေး၊ ရပ်နီးမှ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးမျိုးအောင် ဖုန်း-၀၅၄-၂၃၁၀၇၊ ၀၉-၆၃၀၀၇၅၀၊ ဒေါ်ခင်နုနု ဖုန်း-၀၅၄-၂၃၅၀၆၊ ဦးလှထွန်း ဖုန်း-၀၅၄-၂၅၀၃၇ နှင့် ဦးအေးသွင် ဖုန်း-၀၅၄-၂၃၁၆၈ တောင်ငူမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၄၇၂)

ဝါဏိဇ္ဇဘွဲ့ရ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

ဝါဏိဇ္ဇဘွဲ့ရအသင်း(မြန်မာနိုင်ငံ)က ကြီးမှူး၍ ပါမောက္ခ ဦးမော်သန်းက လိုက်နာကျင့်သုံးရမည့် Statement of Changes in Equity and Statement of Income and Retained Earnings ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း(၅၀) အောက်ဘလောက် ဗိုလ်တထောင်မြို့နယ်၌ ဒီဇင်ဘာ ၁၂ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ CPE အတွက် အကျိုးဝင်မည်ဖြစ်၍ သိရှိလိုပါက ဖုန်း-၂၉၁၆၆၇ နှင့် ၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၂-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "(၇)နေ့ ဖြစ်စဉ် ဗုဒ္ဓဝင်"တရားတော် (ဆရာတော် ဒေါက်တာစန္ဒာသီရိ)
- ၆း၄၀ ဆုပန်ရည်စူးအရောက်ဖူး. . . . မြတ်ဘုရားဖောင်တော်ဦး
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၆၃)**
- ၈း၄၀ ဝိသဇ္ဇက(ပဲခူး)၏ဗုဒ္ဓေါတပတိ တေဇသာ
- ၈း၅၅ သန်လျင်မြို့နတ်စင်တစ်ရာကျောင်းတိုက်မှ အရှက်ဆွမ်းလောင်းလှူပွဲ
- ၉း၁၀ Activities in The City
  - အကျဉ်းဦးစီးဌာန၏ ဘုံကထိန် သင်္ကန်း ဆပ်ကပ်လှူဒါန်းပွဲ
  - မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ စုပေါင်းမဟာဘုံကထိန် ကပ်လှူပူဇော်ပွဲ
- ၉း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများ ဖြူဖွေးသန့်စင်အောင် ကုသနည်း)
- ၁၀း၀၀ အစဉ်အလာမပျက်ဆင်ယင်နွှဲ ရွှေကျင်မြို့၏ မီးမျှောပွဲ
- ၁၀း၀၅ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၁၀း၂၀ The Champion of Dance
- ၁၀း၅၅ Celebrity Choice (Bambino)
- ၁၁း၂၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (3 minutes)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့် ခြင်းလုံးခတ် လေ့ကျင့်နည်းများ)
- ၁၂း၃၀ လှပသစ်ဆန်းအလှပြင်ခန်း (Emerald Spa & Beauty Saloon)
- ၁၂း၄၅ ဓမ္မရံသီ ဉာဏ်ရောင်စဉ် အိမ်တော်ရာက မြတ်စေတီ
- ၁း၀၀ '(၇)နေ့ ဖြစ်စဉ် ဗုဒ္ဓဝင်"တရားတော် (ဆရာတော် ဒေါက်တာစန္ဒာသီရိ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝ သူတို့ဟာသ (ဦးသောင်းဟန်)
- ၂း၄၅ G20 Seoul Summit
- ၃း၁၅ ကူရှည်ရွာမှ ဘုရားအလှူ ရွှေတိဂုံပုံစံတူ
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၆၃)**
- ၄း၅၀ ဂီတနက်သန် ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၄)
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk (ပန်းချီဝင်းဖေမြင့်၊ မျိုးမြတ်သူ)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၇)**
- ၇း၂၀ ဗီဒီယိုပြခန်း
- ၇း၄၀ အနုပညာမိုးကောင်းကင်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ခရီးသွားတာကောင်းတယ်၊ ခရီးမသွားတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၄)**
- ၁၀း၁၀ International Show Biz
- ၁၀း၂၅ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
- ၁၁း၁၀ ဈေးဝယ်လမ်းညွှန် (LADY BUG)
- ၁၁း၂၀ မြန်မာ့"အိုး"
- ၁၁း၃၀ Celebrity Profile (Avirl Lavigne)
- ၁၂း၀၅ ကော်ဇောမှာ အသွင်ဆန်း ဒေါ်ပုံကော်ဇောအစွမ်း
- ၁၂း၃၀ လှပချစ်စရာလက်မှုအနုပညာ (Love Flower)
- ၁၂း၅၀ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမောင်မြင့်ကြွယ်)
- ၁း၂၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ မြန်မာရိုးရာ အနုပညာ (ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန အကြောင်းသိကောင်းစရာ)
- ၁း၄၅ မြန်မာ့လက်ရာပန်းတဉ်းပညာ
- ၂း၁၅ မောတို့မြေမှအံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၃း၀၅ ကဏ္ဍာစုံလင်အားကစား အစီအစဉ်
- ၄း၀၅ ငြိမ်ညောင်းသာယာစောင်းပညာ
- ၄း၄၀ သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (တစ်ခုပညာကိုယ်စီပါ)
- ၄း၅၀ ထူးမြတ်ပူဇော်ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Liverpool-Aston Villa	ESPN(Live)

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားကောင်းလာခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၅

ယနေ့ညနေ ၅နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာခြင်း ရှိ၊ မရှိ စောင့်ကြည့် လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၅

တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)အမှတ်စဉ် (၁၈) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယ ပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် မဟာဓမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်ကြီး၌ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ ကျင်းပမည်ဖြစ်ပါ၍ အမှတ်စဉ်(၁၈)မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးဝင်းနိုင် ဖုန်း-၀၂-၉၁၀၂၇ ၅၄၉၊ ဦးသန်းထွန်းအောင် ဖုန်း-၀၂-၉၁၀၂၆၂၅၁ နှင့် ဒေါ်ယဉ်မေသန်း ဖုန်း-၀၂-၉၁၀၂၁၄၃၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သတိထားရမယ့် ရုပ်သေးရုပ်တွေ

နိုင်ငံတော်အစိုးရက VOA၊ BBC၊ DVB၊ RFA တို့လို အသံလွှင့်ဌာနတွေကို မိုးလုံးပြည့် မုသာဝါဒီတွေ၊ လေလှိုင်းကြားက အဖျက်သမား၊ လူသတ်သမားတွေလို့ ပြောတဲ့အခါ အစိုးရဘာလုပ်လုပ် ဆန့်ကျင်ဘက်လုပ်ဖို့ စိတ်ကူးနေတဲ့ အဖွဲ့အစည်းတွေက ဒါဟာ လွတ်လပ်တဲ့မီဒီယာတွေကို တိုက်ခိုက်တာပဲလို့ ပြောလေ့ရှိတယ်။ ဒါပေမယ့် အခုတော့ ဒီမီဒီယာတွေဟာ မုသာဝါဒီတွေ၊ အဖျက်သမားတွေဆိုတာ သက်သေပြတဲ့သတင်းတွေ ထပ်ပြီးပေါ်လာပြန်ပါပြီ။

ပြီးခဲ့တဲ့ ဇွန်လတုန်းက မြန်မာနိုင်ငံဟာ အဏုမြူဗုံး ထုတ်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ပေါ်လာခဲ့တာ မှတ်မိကြဦးမှာပါ။ အဲဒီတုန်းက DVB သတင်းဌာနက ပြည်ပြေး သစ္စာဖောက် စိုင်းသိန်းဝင်းရဲ့ ပြောကြားချက်ဆိုတာတွေကို အခြေခံပြီး ဒီသတင်းကို ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ DVB သတင်းကို VOA၊ BBC၊ RFA တို့သာမက အင်္ဂလိပ်ဘာသာနဲ့ထုတ်တဲ့ အနောက်မီဒီယာတွေကလည်း သတင်းထူး၊ သတင်းဦးအဖြစ် အကြီးအကျယ်ဆက်ပြီး ထုတ်လွှင့်ဖြန့်ချိခဲ့ကြတယ်။ မြန်မာအစိုးရက မြန်မာနိုင်ငံဟာ အဏုမြူလက်နက် မပြန့်ပွားရေးစာချုပ်ကို ကနဦး လက်မှတ်ထိုးခဲ့တဲ့ နိုင်ငံတွေထဲမှာပါတယ်။ မြန်မာနိုင်ငံဟာ အဏုမြူစွမ်းအင်ကို စစ်ရေးအရ အသုံးပြုဖို့ ဘယ်တော့မှ လုပ်ဆောင်မှာမဟုတ်ဘူးလို့ အတိအလင်း ကြေညာခဲ့တာတောင် လက်မခံဘဲ ဒါဟာ အစိုးရက သူ့လုပ်ရပ်တွေကို ဖုံးကွယ်ဖို့ကြိုးစားတာပဲလို့ ပြောခဲ့ကြတယ်။ ပြည်တွင်းက နိုင်ငံရေးအဖွဲ့အစည်းတချို့ကလည်း ဒီသတင်းတွေ အပေါ် စိုးရိမ်တယ်ဆိုပြီး သံယောင်လိုက်ခဲ့တာလည်း မှတ်မိပါသေးတယ်။

အခုတော့ အမှန်တရားက အနိုင်ရခဲ့ပါပြီ။ အမေရိကန်နိုင်ငံက သတင်းအဖွဲ့အစည်းတွေဖြစ်တဲ့ PBS အသံလွှင့်ဌာနနဲ့ Propub-lica အဖွဲ့တို့က ထုတ်လွှင့်ခဲ့တဲ့သတင်းမှာ စိုင်းသိန်းဝင်း ယူလာတဲ့ ဓာတ်ပုံတွေထဲက အဏုမြူလက်နက် စီမံကိန်းက စက်ပစ္စည်းဆိုတာတွေဟာ အခြားစက်မှုလုပ်ငန်းတွေ မှာလည်း သုံးနိုင်တဲ့ ပစ္စည်းတွေဖြစ်တယ်။ တချို့စက်ကိရိယာတွေဟာ အဏုမြူလက်နက်ထုတ်တာအတွက် သုံးလို့မရဘူးလို့ ကျွန်တဲ့ပညာရှင်များက သုံးသပ်တဲ့အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီလိုသုံးသပ်ခဲ့တဲ့ ပညာရှင်တွေဟာ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီမှာ ဒုတိယညွှန်ကြားရေးမှူးအထိ တာဝန်ယူခဲ့တဲ့ ပညာရှင်ပါသလို ဂျာမနီအစိုးရဆီကလည်း ပါပါတယ်။ ကုန်ကုန်ပြောရရင် အမေရိကန် စီအိုင်အေအဖွဲ့ကတောင် သစ္စာဖောက် စိုင်းသိန်းဝင်းရဲ့ အထောက်အထားတွေ အသေးစိတ် လေ့လာခဲ့ပြီးတဲ့နောက် လက်မခံဘဲ ပယ်ချခဲ့တယ်လို့ ဆိုပါတယ်။ ဒီသတင်းဟာ နိုဝင်ဘာ ၁၂ ရက်နေ့ထဲက ထွက်ပေါ်လာတာ ဖြစ်ပေမယ့် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ မကောင်းသတင်း၊ ပုံကြီးချဲ့ သတင်း၊ လုပ်ကြံသတင်းတွေဆိုရင် အစစ်အဆေး အမေးအမြန်းမရှိ ထုတ်လွှင့်လေ့ရှိတဲ့ BBC၊ VOA၊ DVB၊ RFA ဆိုတဲ့ သတင်းဌာနတွေက ဖုံးကွယ်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါကိုကြည့်ရင် ဒီသတင်းဌာနတွေဟာ အမှန်တရားကို ဖုံးကွယ်ထားပြီး မုသားသက်သက်သာ ထုတ်လွှင့်နေတဲ့ သတင်းဌာနတွေ၊ ပြည်သူကို သတင်းမှန်တွေပေးဖို့ ပျက်ကွက်နေတဲ့ ဌာနတွေဆိုတာ ထင်ရှားနေပါပြီ။

တကယ်တော့ စိုင်းသိန်းဝင်းရဲ့ စွပ်စွဲချက်နဲ့ အထောက်အထားတွေကို DVB သတင်းဌာနက အမေရိကန်အစိုးရ အမှုထမ်းဟောင်း တစ်ဦးလည်းဖြစ်၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီရဲ့ အမှုထမ်းဟောင်းတစ်ဦးလည်းဖြစ်တဲ့ ရောဘတ်ကယ်လီ တစ်ဦးတည်းကိုပဲ စစ်ဆေးခိုင်းပြီး ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတကာမီဒီယာ ကျင့်ဝတ်များ၊ စံနှုန်းများအရ ဆိုရင် ဒီလိုအရေးကြီးတဲ့သတင်းမျိုးကို အနည်းဆုံး သတင်းအခြေအမြစ် နှစ်ခုထက် မနည်းဆီက ရယူရမယ့်အပြင် ကျွမ်းကျင်သူများရဲ့ မတူညီတဲ့ အမြင်တွေကို ဖော်ပြရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် စပြီးထုတ်လွှင့်ခဲ့တဲ့ DVB အသံလွှင့်ဌာနဟာ ဒီလိုလုပ်ဖို့ ပျက်ကွက်ခဲ့ရုံမက ဒီသတင်း မှားပါတယ်လို့ ပြောတဲ့ PBS အသံလွှင့်ဌာနရဲ့ ထုတ်လွှင့်ချက်ကို ဖော်ပြဖို့ ပျက်ကွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ DVB ဟာ ဘယ်လိုသတင်းဌာနမျိုးလည်း ဆိုတာကို သက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။

ဒီလို မမှန်မကန်ထုတ်လွှင့်မှုတွေရဲ့ နောက်မှာ ဘယ်သူတွေ ရှိသလဲဆိုတာကို ကြည့်ရင် NED, National Endowment for Democracy ဆိုတဲ့ အဖွဲ့ကို တွေ့ရမှာဖြစ်တယ်။ ဒီအဖွဲ့ဟာ သမ္မတ ရီဂင်လက်ထက်မှာ ဆိုဗီယက်အုပ်စုဝင် ကွန်မြူနစ်နိုင်ငံတွေမှာ နိုင်ငံရေးမတည်မငြိမ်မှုတွေဖြစ်အောင် မီဒီယာနည်းလမ်းတွေ၊ လူထုလှုပ်ရှားမှုနည်းလမ်းတွေသုံးပြီးလုပ်ဖို့ ထူထောင်ထားတဲ့အဖွဲ့ဖြစ်တယ်။ ဒီအဖွဲ့ဟာ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားပြီးတဲ့နောက်မှာတော့ အမေရိကန်ဩဇာမခံတဲ့ တတိယကမ္ဘာနိုင်ငံတွေမှာ အမေရိကန် ဩဇာခံအစိုးရတွေ အာဏာရလာအောင် မီဒီယာနည်းလမ်းတွေ၊ လူထုလှုပ်ရှားမှုနည်းလမ်းတွေနဲ့ လုပ်နေတဲ့အဖွဲ့ဖြစ်တယ်။ ဒီအဖွဲ့ဟာ ၁၉၉၀ ပြည့်နှစ်ကစပြီး မြန်မာနိုင်ငံထဲမှာ ဒီမိုကရေစီထွန်းကားဖို့ဆိုပြီး အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းမှန်သမျှ ငွေထောက်ပံ့ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ၊ မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်နေတဲ့ သတင်းဌာနတွေကို တစ်နှစ်ကို ပျမ်းမျှ ဒေါ်လာနှစ်သန်းနီးပါး ပေးခဲ့တာ နှစ်နှစ်ဆယ်ရှိခဲ့ပါပြီ။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်မှာ NED အဖွဲ့ဟာ မြန်မာနိုင်ငံအတွက် ဒေါ်လာ နှစ်သန်းခွဲနီးပါး ထောက်ပံ့ခဲ့တာကို ၂၀၁၀ ခုနှစ် ဇူလိုင်လမှာ ထုတ်ပြန်ခဲ့တဲ့ NED ရဲ့ နှစ်ပတ်လည် အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အဲဒီထဲမှာ DVB အသံလွှင့်ဌာနအတွက် ဒေါ်လာလေးသိန်းပါတာကို တွေ့ရပါတယ်။ ဒါပေမယ့် NED အဖွဲ့ဟာ DVB ကို ပုံမှန်အလုပ်တွေအတွက် ဒေါ်လာလေးသိန်း ထောက်ပံ့တာအပြင် စိုင်းသိန်းဝင်း ကိစ္စအတွက် သီးခြား ထောက်ပံ့ခဲ့တယ်။ စိုင်းသိန်းဝင်း ယူလာတဲ့ အထောက်အထားတွေကို လေ့လာပြီး မြန်မာနိုင်ငံဟာ အဏုမြူဗုံးထုတ်ဖို့ ကြိုးစားနေပါတယ်လို့ အလန့်တကြား ကောက်ချက်ချခဲ့တဲ့ ရောဘတ်ကယ်လီကို သူနေထိုင်တဲ့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ကနေ အမေရိကန်နိုင်ငံ ဝါရှင်တန်အထိလာဖို့ ခရီးစရိတ်၊ စိုင်းသိန်းဝင်း အထောက်အထားတွေကို လေ့လာပြီး စာတမ်းရေးတဲ့အတွက် ထောက်ပံ့ ငွေတွေပေးခဲ့တယ်လို့ PBS သတင်းဌာနက ထောက်ပြထားပါတယ်။ သစ္စာဖောက် စိုင်းသိန်းဝင်းကတော့ ဘယ်လောက်မြိုးမြိုးမြက်မြက် စားလိုက်ရတယ်ဆိုတာတော့ သူမှပဲ သိတော့မှာပဲ။

NED အဖွဲ့ဟာ DVB အသံလွှင့်ဌာနတစ်ခုတည်းကိုတင် ထောက်ပံ့နေတာ မဟုတ်ဘူး။ ၂၀၀၉ ခုနှစ် ထောက်ပံ့ငွေ

ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး လူမှုရေးကိစ္စခေါင်းစဉ်အောက်ကနေ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လာတဲ့ အဖွဲ့အတော်များများ ပေါ်လာတာ သတိပြုမိ။

ဒီအဖွဲ့တွေဟာ NED လို အဖွဲ့မျိုးဆီက ဒေါ်လာသိန်းနဲ့ချီရနေတာကို မပြောဘဲ သူတို့ကိုယ်ပိုင်ငွေနဲ့ လုပ်အားနဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေ လုပ်နေပါတယ်ဆိုတဲ့ အချိုးနဲ့ လုပ်နေတာဖြစ်တဲ့အတွက် မသိနားမလည်တဲ့ ပြည်သူတွေအနေနဲ့ ဒီလူတွေ၊ ဒီအဖွဲ့အစည်းတွေကို အထင်ကြီးပြီး သူတို့ရဲ့ နိုင်ငံရေးထောင်ချောက်ထဲကို ရောက်သွားနိုင်။

အခု DVB ရဲ့ သတင်းနဲ့ပတ်သက်ပြီး အမှန်တရား ပေါ်ထွက်လာတာဟာ ပြည်သူတွေအနေနဲ့ ပြည်ပမီဒီယာတွေရဲ့ ထုတ်လွှင့်ချက်တွေ၊ ပြည်တွင်းက ပြည်ပဩဇာခံ ရုပ်သေးတွေရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ရင် သတိကြီးကြီး ထားသင့်နေပြီ ဆိုတာကို မီးမောင်းထိုးပြလိုက်တာပဲဖြစ်။

ပ်တွေ

မျိုးချစ်မောင်

- မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေ၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပေါ်ပြီး အမေရိကန်ဩဇာခံအစိုးရတစ်ရပ် ပေါ်ထွက်လာအောင် လုပ်ဆောင်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီဖြစ်။
- နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ ညီညီညွတ်ညွတ် ပူးပေါင်းကာကွယ် နိုင်ခဲ့လို့ အဖျက်သမားတွေရဲ့ အကြံအစည်မအောင်မြင်ခဲ့။
- သို့သော် ဒီအဖွဲ့အစည်းတွေအနေနဲ့ လက်လျှော့ဦးမှာ မဟုတ်သေး။
- အထူးသဖြင့် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ နောက်ဆုံးနှစ်ဆင့်ကို အကောင်အထည်ဖော်တော့မယ့်အချိန်မျိုးမှာ ပိုပြီးအရှိန်မြှင့်လုပ်လာမှာ သေချာ။
- မုသာဝါဒီ မီဒီယာတွေက ပြောတိုင်းလည်း မယုံဖို့၊ အပေါ်ယံအမြင်နဲ့ အထင်ကြီးပြီး ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုတွေ မလုပ်ဖို့လို။
- တိုင်းပြည်ရဲ့ အရေးအကြီးဆုံးအချိန်ကာလ ရောက်နေချိန်မှာ ဒီလိုရပ်သေးရပ်တွေရဲ့ စရိုက်မှန်ကိုသိပြီး ကြိုတင်ကာကွယ်ချေမှုန်းဖို့က ပြည်သူတွေရဲ့ အရေးအကြီးဆုံးတာဝန်ဖြစ်။

ုံးဖြစ်တဲ့ ရောဘတ်
ပြီး ထုတ်လွှင့်ခဲ့တာ
များ၊ စံနှုန်းများအရ
အနည်းဆုံး သတင်း
ရယူရမယ့်အပြင်
ကို ဖော်ပြရမှာ ဖြစ်ပါ
3 အသံလွှင့်ဌာနဟာ
းပါတယ်လို့ ပြောတဲ့
ဖော်ပြဖို့ ပျက်ကွက်
ဘယ်လိုသတင်းဌာန
လည်း ဖြစ်ပါတယ်။

နောက်မှာ ဘယ်သူ
D, National En-
ဖွဲ့ကို တွေ့ရမှာဖြစ်
က်မှာ ဆိုဗီယက်
င်ရေးမတည်မငြိမ်မှု
၊ လူထုလှုပ်ရှားမှု
င်ထားတဲ့ အဖွဲ့ဖြစ်
င်စုပြိုကွဲသွားပြီးတဲ့
တတိယကမ္ဘာနိုင်ငံ
တွ အာဏာရလာ
လှုပ်ရှားမှုနည်းလမ်း
တာ ၁၉၉၀ ပြည့်နှစ်
ကားဖို့ဆိုပြီး အစိုးရ
မျှ ငွေထောက်ပံ့
နိုင်ငံတော်အစိုးရကို
ဂုတ်မမှန် လုပ်ကြံ
တစ်နှစ်ကို ပျမ်းမျှ
ာ်နှစ်ဆယ်ရှိခဲ့ပါပြီ။
မြန်မာနိုင်ငံအတွက်
တာကို ၂၀၁၀ ခုနှစ်
ပ်ပတ်လည် အစီရင်

အတွက် ဒေါ်လာ
မယ့် NED အဖွဲ့ဟာ
ဒေါ်လာလေးသိန်း
စ္စအတွက် သီးခြား
အထောက်အထား
အဏုမြူပုံးထုတ်ဖို့
ကောက်ချက်ချခဲ့တဲ့
းယားနိုင်ငံ ဗီယင်နာ
သိလာဖို့ ခရီးစရိတ်၊
လေ့လာပြီး စာတမ်း
ယ်လို့ PBS သတင်း
ဖာက် စိုင်းသိန်းဝင်း
းလိုက်ရတယ်ဆိုတာ

တစ်ခုတည်းကိုတင်
ခုနှစ် ထောက်ပံ့ငွေ

စာရင်းကို ကြည့်လိုက်ရင် ဒေါ်လာသောင်းဂဏန်းရတဲ့ အဖွဲ့အစည်းကနေ သိန်းချီပြီးရတဲ့ အဖွဲ့အစည်းအထိရှိတာကို တွေ့ရမှာဖြစ်တယ်။ ဒီအဖွဲ့တွေဟာ နာမည်သာ အမျိုးမျိုးကွဲပြားပေမယ့် လုပ်တဲ့အလုပ်ကတော့ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တဲ့အလုပ်ကိုပဲ လုပ်နေတာဖြစ်တယ်။ ထိုင်းနိုင်ငံအခြေစိုက် အေအေပီပီအဖွဲ့ဆိုရင် ဒေါ်လာနှစ်သိန်းရပြီး နာမည် ဖော်ပြမထားတဲ့ ဝက်ဘ်ဆိုက်နှစ်ခုကိုတော့ ဒေါ်လာတစ်သိန်းစီ ထောက်ပံ့ခဲ့တာကိုလည်း တွေ့ရတယ်။ နောက်တစ်ခါ ပြည်တွင်းက အမည်ဖော်ပြမထားတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေအတွက် စုစုပေါင်း ဒေါ်လာခုနစ်သိန်းထောက်ပံ့ခဲ့ကြောင်းနဲ့ အေအိုင်ဒီအက်စ်ကုသရေး လုပ်နေတဲ့အဖွဲ့တစ်ဖွဲ့အတွက် ဒေါ်လာသုံးသောင်းနီးပါး၊ ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ သံဃာများအတွက် ဒေါ်လာ ကိုးသောင်းကျော် ထောက်ပံ့ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် အစိုးရဆန့်ကျင်ရေး မီဒီယာအမျိုးမျိုးအတွက် ဒေါ်လာ သုံးသိန်းခွဲကျော် ထောက်ပံ့ခဲ့တယ်လို့ ထပ်ပြီးဖော်ပြထားသေးတယ်။

ဒါ့ကြောင့် NED အဖွဲ့ဟာ မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေ ဖြစ်အောင်၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာဖို့အတွက် မီဒီယာကဏ္ဍမှာသာမက နိုင်ငံရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေပါမကျန် ထိုးဖောက် ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒါဟာ NED အဖွဲ့တစ်ခုတည်းက လုပ်နေတာပဲရှိသေးတယ်။ အမေရိကန်ထောက်လှမ်းရေး အဖွဲ့အစည်းတွေ၊ တခြားနိုင်ငံရေး အဖွဲ့အစည်းတွေက ပြောင်တစ်မျိုး၊ လျှို့ဝှက်ပြီး တစ်ဖုံ ထောက်ပံ့နေတာ အများကြီးရှိနိုင်ပါသေးတယ်။ NED တစ်ဖွဲ့တည်းကတောင် တစ်နှစ်ကို ဒေါ်လာနှစ်သန်းလောက် နှစ်ပေါင်း ၂၀ ကျော် သုံးခဲ့ပြီဆိုရင် အဲဒီအဖွဲ့အစည်းမျိုးစုံက ပြီးခဲ့တဲ့ နှစ်ပေါင်း ၂၀ အတွင်းမှာ မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေဖြစ်အောင်၊ ဆူပူအကြမ်းဖက်မှုတွေဖြစ်အောင် ငွေတွေ ဘယ်လောက်သုံးခဲ့ပြီးပြီဆိုတာ မှန်းဆနိုင်ပါတယ်။

အခု စိုင်းသိန်းဝင်းနဲ့ DVB ပူးပေါင်းလုပ်ကြံမှုကို ကြည့်မယ်ဆိုရင် အစိုးရကို နာမည်ဖျက်ဖို့ သက်သက်မဟုတ်ဘဲ ဒီထက်ပိုမိုကြီးမားတဲ့ ပက်စက်တဲ့အကြံအစည်ရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှို့ဝှက်အဏုမြူစီမံကိန်းဆိုတဲ့ သတင်းထွက်လာတဲ့အချိန်ဟာ အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် မြန်မာနိုင်ငံကို အလည်အပတ်လာဖို့အတွက် ဇန်ကောက်ကိုရောက်နေတဲ့ချိန် ဖြစ်တယ်။ အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်ဟာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေကို မထောက်ခံဘဲ မြန်မာနိုင်ငံနဲ့ ထိတွေ့ဆက်ဆံဖို့ တိုက်တွန်းနေတဲ့သူလည်း ဖြစ်ပါတယ်။ ဂျင်မ်ဝက်ဘ်ဟာ မြန်မာနိုင်ငံအစိုးရနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိပြီး မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားကို နားလည်သူလည်းဖြစ်တယ်။ ပြည်ပြေးအဖွဲ့အစည်းတွေက ဂျင်မ်ဝက်ဘ်ကို မြန်မာနိုင်ငံကို မသွားဖို့၊ အစိုးရနဲ့ မဆက်ဆံဖို့ ဟိုတုန်းကတည်းက တောင်းဆိုခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ အခုတော့ ဂျင်မ်ဝက်ဘ်ခရီးစဉ်အကြိုနဲ့ ချိန်ကိုက်ပြီး သတင်းမှားကို ထုတ်ခဲ့တဲ့အတွက် ဂျင်မ်ဝက်ဘ်က အဏုမြူစီမံကိန်းနဲ့ပတ်သက်ပြီး သတင်းတွေ ထွက်ပေါ်နေချိန်မှာ မြန်မာနိုင်ငံကို သူသွားဖို့မသင့်သေးဘူးလို့ပြောပြီး ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရတယ်။ ဒါဟာ အမေရိကန်အစိုးရနဲ့ လွှတ်တော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ပကတိအရှိတရားနဲ့ တိုးတက်ဖြစ်ပေါ်မှုတွေကို နားလည်နိုင်အောင် ကြိုးစားနေတဲ့ ဂျင်မ်ဝက်ဘ်ရဲ့ ကြိုးပမ်းမှုတွေကို ရပ်တန့်သွားစေခဲ့ပါတယ်။ မြန်မာနိုင်ငံအပေါ် ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ရေးကို အစဉ်တစိုက်တောင်းဆိုခဲ့တဲ့ လူတွေ၊ အဖွဲ့တွေက ဂျင်မ်ဝက်ဘ်ခရီးစဉ်ဖျက်သိမ်းခဲ့တာကို ဝမ်းသာအားရ ကြိုဆိုခဲ့ကြတာကိုကြည့်ရင် DVB သတင်းဌာနရဲ့လုပ်ရပ်ဟာ ဘာကို ရည်ရွယ်ခဲ့တယ်၊ ဘယ်သူတွေက နောက်ကွယ်က အားပေးခဲ့တယ်ဆိုတာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

နောက်ပြီး အမေရိကန်ဟာ အီရတ်မှာ အဏုမြူလက်နက်အပါအဝင် အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်တဲ့ လက်နက်တွေ ရှိတယ်လို့ စွပ်စွဲပြီး စစ်ရေးအရကျူးကျော်သိမ်းပိုက်ခဲ့တယ်။ ဒါပေမယ့် အီရတ်ကို သိမ်းပြီးတဲ့အခါကျတော့ အဲဒီလက်နက်တွေနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ ဘာမှရှာမတွေ့ခဲ့ဘဲ အမေရိကန်အစိုးရက တမင်သက်သက် အကြောင်းရှာ တိုက်ခဲ့တာဖြစ်တယ် ဆိုတဲ့ အဖြစ်အပျက်ကို ပြန်လေ့လာလိုက်ရင် စိုင်းသိန်းဝင်း၊ DVB နဲ့ NED တို့က ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ဒီသတင်းကို လုပ်ကြံထုတ်လွှင့်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

မြန်မာနိုင်ငံမှာ မတည်ငြိမ်မှုတွေ၊ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပေါ်ပြီး အမေရိကန်ဩဇာခံ အစိုးရတစ်ရပ် ပေါ်ထွက်လာအောင် လုပ်ဆောင်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ ညီညီညွတ်ညွတ် ပူးပေါင်းကာကွယ်နိုင်ခဲ့လို့ အဖျက်သမားတွေရဲ့ အကြံအစည်မအောင်မြင်ခဲ့ဘူး။ သို့သော် ဒီအဖွဲ့အစည်းတွေအနေနဲ့ လက်လျှော့ဦးမှာ မဟုတ်သေးပါဘူး။ အထူးသဖြင့် မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ နောက်ဆုံးနှစ်ဆင့်ကို အကောင်အထည် ဖော်တော့မယ့်အချိန်မျိုးမှာ ပိုပြီးအရှိန်မြှင့်လုပ်လာမှာ သေချာပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာလည်း မီဒီယာနည်းသာမက ပြည်တွင်းမှာ သူတို့လက်ဝေခံ အဖွဲ့အစည်းတွေကို သုံးပြီး နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ကဏ္ဍပေါင်းစုံက ထိုးဖောက်ဆောင်ရွက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးဘက်မှာ အောင်မြင်မှုမရှိတဲ့အတွက် လူမှုရေးဘက်ကနေ ပိုပြီးထိုးဖောက်လာဖို့ များပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး လူမှုရေးကိစ္စခေါင်းစဉ်အောက်ကနေ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လာတဲ့ အဖွဲ့အတော်များများ ပေါ်လာတာ သတိပြုမိပါတယ်။ ဒီအဖွဲ့တွေဟာ NED လို အဖွဲ့မျိုးဆီက ဒေါ်လာသိန်းနဲ့ချီ ရနေတာကို မပြောဘဲ သူတို့ကိုယ်ပိုင်ငွေနဲ့ လုပ်အားနဲ့ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေ လုပ်နေပါတယ်ဆိုတဲ့အချိုးနဲ့ လုပ်နေတာဖြစ်တဲ့အတွက် မသိနားမလည်တဲ့ ပြည်သူတွေအနေနဲ့ ဒီလူတွေ၊ ဒီအဖွဲ့အစည်းတွေကို အထင်ကြီးပြီး သူတို့ရဲ့ နိုင်ငံရေးထောင်ချောက်ထဲကို ရောက်သွားနိုင်ပါတယ်။ အခု DVB ရဲ့ သတင်းနဲ့ပတ်သက်ပြီး အမှန်တရား ပေါ်ထွက်လာတာဟာ ပြည်သူတွေအနေနဲ့ ပြည်ပမီဒီယာတွေရဲ့ ထုတ်လွှင့်ချက်တွေ၊ ပြည်တွင်းက ပြည်ပဩဇာခံ ရုပ်သေးတွေရဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ရင် သတိကြီးကြီး ထားသင့်နေပြီဆိုတာကို မီးမောင်းထိုးပြလိုက်တာပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် မုသာဝါဒီ မီဒီယာတွေက ပြောတိုင်းလည်း မယုံဖို့၊ အပေါ်ယံအမြင်နဲ့ အထင်ကြီးပြီး ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုတွေမလုပ်ဖို့ လိုပါတယ်။ တိုင်းပြည်ရဲ့ အရေးအကြီးဆုံးအချိန်ကာလ ရောက်နေချိန်မှာ ဒီလိုရုပ်သေးရုပ်တွေရဲ့ စရိုက်မှန်ကို သိပြီး ကြိုတင်ကာကွယ် ချေမှုန်းဖို့က ပြည်သူတွေရဲ့ အရေးအကြီးဆုံးတာဝန်ဖြစ်နေပြီလို့ နှိုးဆော်လိုက်ပါတယ်။ ။

6-12)09.pmd 1 12/6/2010, 2:19 AM

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်၊ တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသော ဦးလှဌေးနှင့် ဒေါက်တာဦးဘိုကြီး၊ ညီလာခံကိုယ်စားလှယ် ဦးခင်မောင်ရွှေတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ အဆိုပြုချက်များတင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်းတို့ကို ကျင်းပရာ အဆိုပြုချက်(၁) ဖြစ်သည့် "တိုင်းရင်းဆေးပညာရပ် သင်ကြားရေး၊ ကုသရေးနှင့် သုတေသနကဏ္ဍများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်" အဆိုကို မကွေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးသိုက်ထွန်းက တင်သွင်းပြီး ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညီလာခံကိုယ်စားလှယ် ဒေါ်ဆွေဆွေက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုပြုချက် (၂) ဖြစ်သည့် " ပြည်သူလူထုအတွက် အရည်အသွေးပြည့်မီပြီး စစ်မှန်အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ပိုမိုရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်" အဆိုကို ပဲခူးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးဟန်ငြိမ်းက အဆိုတင်သွင်းပြီး ကယားပြည်နယ် လွိုင်ကော်မှ ညီလာခံကိုယ်စားလှယ် ဦးသီဟမင်းသိမ်းက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက် (၃)ဖြစ်သည့် "ပုဂ္ဂလိကတိုင်းရင်းဆေးကုခန်းများ စည်းကမ်းနှင့်အညီ စနစ်တကျ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်" အဆိုကို မန္တလေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးတင်က ဖတ်ကြားတင်သွင်းပြီး ပညာရေးဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာနေမာစိုးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် သဘာပတိ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အစည်းအဝေးတွင် သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြန်လည်ကျင်းပ

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးအစီအစဉ်ကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသော ဦးသန်းညွှန့်နှင့် ဦးအောင်မြတ်ကျော်၊ ညီလာခံကိုယ်စားလှယ် ဦးဘိုကြီးနှင့် ဦးကြည်လင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် အဆိုပြုချက် အမှတ်(၄) ဖြစ်သည့် "ဆေးဖက်ဝင်အပင်များ ထိန်းသိမ်းကာကွယ်ရေး နည်းလမ်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရန်" အဆိုကို ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်တင်ပပကျော်က တင်သွင်းပြီး စွမ်းအင်ဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဦးတင်ထွဋ်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆိုပြုချက် အမှတ်(၅) ဖြစ်သည့် " မြန်မာ့ဆေးဖက်ဝင်အပင်များ၏ ရုက္ခဗေဒ အမျိုးအမည်များကို တိတိကျကျဖြစ်အောင် စံပြုသတ်မှတ်ဖော်ထုတ်ကြရန်" အဆိုကို ရှမ်းပြည်နယ်(တောင်ပိုင်း) လွယ်လင်မြို့မှ ညီလာခံကိုယ်စားလှယ် ဦးကျော်စိုးက တင်သွင်းပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာဒေါ်သွယ်သွယ်ဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံက ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေးတက်ရောက်လာကြသူများ၏ ဆန္ဒရယူပြီး အဆိုများ မှတ်တမ်းတင်သည်။

ထို့နောက် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညီလာခံအစည်းအဝေး ပထမနေ့အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ စာတမ်းဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့တိုင်းရင်းဆေးဝါးများကို ပြည်သူများ လက်ခံယုံကြည်သုံးစွဲ တိုင်းရင်းဆေးသမားတော်လောက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်

လူသားတို့၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် သဘာဝတိုင်းရင်းဆေးဝါးများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သဘာဝတိုင်းရင်းဆေးဝါးများသည် ဘေးထွက်ဆိုးကျိုးနည်းပါးခြင်း၊ ကုန်ကြမ်းရရှိမှု လွယ်ကူခြင်း၊ ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများတွင်ပါ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနေသည်ကို တွေ့ရသည်။

တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော မြန်မာ့တိုင်းရင်းဆေးဝါးများ၏ အခန်းကဏ္ဍ မြင့်မားတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းသွားကြရန် နိုင်ငံတော်အကြီးအကဲ၏ အလေးထားအားပေးမှုကြောင့် ယနေ့ဆိုလျှင် မြန်မာ့တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းဆေးဝါးများကို ပြည်သူများ ယုံကြည်စွာဖြင့် လက်ခံသုံးစွဲလာကြသည်ကို တွေ့နေရသည်။ ထို့အတူပင် ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အနယ်နယ်အရပ်ရပ်တွင် ပြန့်ကျဲနေသော တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးများ ပြန်လည်စုစည်းမိစေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပလာခဲ့ သည်မှာ ဆယ်စုနှစ်တစ်ခုကျော်သို့တိုင် ရောက်ရှိလာခဲ့ပေပြီ။ ယခု (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပလျက်ရှိရာ ကြေးမုံသတင်းအဖွဲ့ သွားရောက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညီလာခံကိုယ်စားလှယ်များ၊ အဆိုရှင်များ၊ စာတမ်းရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ စသည့် တိုင်းရင်းဆေးလောကသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သမျှကို သတင်းမှတ်တမ်းအဖြစ် ဖော်ပြလိုက်ပါသည်။

ဦးလှမြင့်(ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

"ညီလာခံလာတက်တဲ့အတွက် တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ရှေးဗဟုသုတတွေကို ကိုယ်ကဖြန့်ဝေနိုင်သလို တခြားဆီက ဗဟုသုတတွေကိုလည်း ကိုယ်က ရရှိမယ်။ ဒါကြောင့် ဒီညီလာခံဟာ တိုင်းရင်းဆေးလောကအတွက်သာမက တိုင်းပြည်အတွက်ပါ အထူးပြုတဲ့ ညီလာခံဖြစ်တယ်။ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေဖြင့်လည်း အကျိုးအမြတ်ထက် အများအကျိုးရှိအောင် ထုတ်လုပ်နိုင်မယ်ဆိုရင် အများရဲ့ အားပေးခြင်းကို ခံရမယ်။"

ဦးကြည်ဝင်း(ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

"မြန်မာ့တိုင်းရင်းဆေးဟာ သမိုင်းတန်ဖိုးမြင့်မားတဲ့ အမွေအနှစ်တစ်ခု ဖြစ်သလို အလွန်တရာ သိမ်မွေ့နူးညံ့တဲ့ ဆေးပညာရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေးစစ်မှန်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ အာနိသင်ထက်မြက်တဲ့ ဆေးဝါးတွေ စနစ်တကျ ထုတ်လုပ်ဖို့လိုပါတယ်။ တိုင်းရင်းဆေးဝါးအသစ်များ၊ ထုတ်ကုန်သစ်များ ပေါ်ထွန်းရေးအတွက် အာရှနိုင်ငံများမှ တိုင်းရင်းဆေးများနဲ့ ပေါင်းစပ်လေ့လာ သုတေသနပြုပြီး နှုန်းမီစံကိုက် အစွမ်းထက် ဆေးဝါးများအဖြစ် စံပြုသတ်မှတ်နိုင်အောင် အမျိုးသားရေးအသိစိတ်နဲ့ ထိန်းသိမ်းစောင့်ရှောက် ထုတ်လုပ်သွားဖို့ လိုအပ်ပါတယ်။"

စာတမ်းရှင် ဒေါ်ခင်ဖြူဖြူ(ဒုတိယညွှန်ကြားရေးမှူး) အထက်မြန်မာပြည် ဆေးသုတေသနဦးစီးဌာန

"ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိသော အပင်များသည် အသည်းပျက်စီးမှုကို ကာကွယ်နိုင်သော ဂုဏ်သတ္တိရှိကြောင်း အနောက်တိုင်းစာတမ်းများတွင် ဖော်ပြထားသည့်အတွက် မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ပန်းခါး၊ တောင်ဆီးဖြူ စမုန်ရိုင်းတို့တွင် ပါဝင်သော ဓာတုဓာတ်ပေါင်းများကို လေ့လာပြီး ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိတိုင်းတာခြင်းကို သုတေသနပြုပြီး **'မြန်မာ့ဆေးဖက်ဝင်အပင်များ၏ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိနှင့် ပါဝင်သောဓာတ်ပေါင်းများကို လေ့လာခြင်း'** ခေါင်းစဉ်ဖြင့် စာတမ်းတင်သွင်းမှာ ဖြစ်ပါတယ်။"

ဦးဖြေ(ဒေဝယက္ခတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

"မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့် စပ်လျဉ်း၍ အများပြည်သူတို့၏ အတွေးသစ်၊ အမြင်သစ်များ ရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးလောက၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို သိရှိစေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ကျင်းပရခြင်းဖြစ်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတော်အစိုးရက အထူးပံ့ပိုးမြှင့်တင်အားပေးလျက်ရှိသဖြင့် ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဒေဝယက္ခ အကြိတ်ကျေ မန်းဆေးကြီးကိုလည်း ထုတ်လုပ်မှု ကျင့်စဉ်များနှင့်အညီ အညွှန်းသုံးစွဲပုံ အစုံအလင်ဖြင့် ဖော်ပြပြီး ပြည်သူများ၏ ကျန်းမာရေးအတွက် ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။"

ဦးကြည်လင်း(စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

"ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေးတွေကို ရှေးမူမပျက် စစ်မှန်သော ပရဆေးကုန်ကြမ်းများနှင့် အစွမ်းထက်တိုင်းရင်း ဆေးစွမ်းကောင်းများကို ကောင်းမွန်သော ဆေးဝါးထုတ်လုပ်မှု ကျင့်စဉ်များနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသော ညွှန်ကြားချက်များ၊ တိုင်းရင်းဆေးဝါးဥပဒေများနှင့်အညီ ခေတ်မီသပ်ရပ်လှပသော ထုပ်ပိုးစနစ်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားထုတ်လုပ်လျက်ရှိပါတယ်။"

ဒေါ်တင်ပပကျော်(မဟိဒ္ဓိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

"မြန်မာ့တိုင်းရင်းဆေးဟာ နိုင်ငံတော်အဆင့်ထိ ဂုဏ်တင့်လာတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ နှစ်စဉ် ညီလာခံတက်ရတဲ့အတွက် မိတ်သင်္ဂဟရင်းနှီးမှုတွေ၊ ဆေးပညာဗဟုသုတတွေ၊ ထုတ်လုပ်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုရရှိလာပါတယ်။ စစ်မှန်တဲ့တိုင်းရင်းဆေးတွေကို ရှာဖွေဖော်ထုတ်ပြီး စစ်မှန်တဲ့ စေတနာနဲ့ ဘေးထွက်ဆိုးကျိုးကင်းပြီး ထိရောက်စွာပျောက်ကင်းတဲ့ ဆေးဝါးတွေကို ထုတ်လုပ်ပြီး ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားပါမယ်။"

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုသည့် ဆိုရိုးစကားနှင့်အညီ နိုင်ငံတစ်ဝန်းရေမြေတောတောင်အနှံ့ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော သစ်ပင်ပန်းမန်များမှ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးများကို ဖော်ထုတ်သုတေသနပြု၍ မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရန်မှာ တိုင်းရင်းဆေးလောကသားများ၏ တာဝန်ဖြစ်သည်။ နိုင်ငံတော်အပိုင်းက တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်လျက်ရှိနေသော အခါသမယတွင် တိုင်းရင်းဆေးလောကသားများက စုစည်းညီညွတ်စွာဖြင့် အသစ်အသစ်သော တိုင်းရင်းဆေးဝါးများနှင့် တိမ်မြုပ်ပျောက်ကွယ်နေသော ဆေးနည်း၊ ဆေးကျမ်းများကို သုတေသနပြု ရှာဖွေဖော်ထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြမှတ်တမ်းပြုပါသည်။ ။

တွေ့ဆုံမေးမြန်း - ဝင်းနိုင်(ကြေးမုံ)

ဓာတ်ပုံမှတ်တမ်း - ငွေအောင်(ကြေးမုံ)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ဇုန်များ၌ ဆက်လက်ကျင်းပရာ(က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ဂ)အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ဂ)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ) ၌ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ အမှတ်(၁၀) ခြေမြန်တပ်မဌာနချုပ်အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီသရေဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင် ငံ တ ကာ အား က စား သ တင်း

နယူးကာဆယ်အသင်း ကစားသမားနှစ်ဦးအား စာချုပ်သက်တမ်းတိုး

လန်ဒန် ဒီဇင်ဘာ ၅

ပရီမီယာလိဂ် တန်းစီဇယား အလယ်အလတ်အဆင့်တွင် ရပ်တည်နေသည့် နယူးကာဆယ်အသင်းသည် အသင်းရှိ ကစားသမားနှစ်ဦးဖြစ်သည့် နောက်ခံကစားသမား မိုက်ဝီလျံဆင်နှင့် တိုက်စစ်မှူး နီလီရန်ဂျာတို့အား စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ချုပ်ဆိုလိုက်သည်။

နယူးကာဆယ်အသင်းသည် အဆိုပါကစားသမားနှစ်ဦးအား ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုခဲ့၍ ယင်းကစားသမားများမှာ စိန့်ဂျိမ်းပတ်ခ်တွင် ၂၀၁၆ ခုနှစ်အထိ ရှိနေမည်ဖြစ်သည်။ အသက်(၂၇)နှစ်ရှိ မိုက်ဝီလျံဆင်သည် ဗဟိုနောက်ခံလူနေရာတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်သူဖြစ်ပြီး လူငယ်တိုက်စစ်မှူးနီလီရန်ဂျာသည်လည်း တိုက်စစ်ပိုင်းတွင် အင်ဒရူးကာရိုးနှင့်တွဲဖက်၍ ပွဲထွက်ခွင့်ရရှိနေပြီး ခြေစွမ်းပြနိုင်ရန် ကြိုးစားနေသူဖြစ်သည်။ အင်္ဂလန်ယူ-၁၉ လက်ရွေးစင်ဖြစ်သည့် လီနီရန်ဂျာက “ကျွန်တော် နယူးကာဆယ်အသင်းကိုပဲ ချစ်မြတ်နိုးပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပြီး ပေးဆပ်သွားဖို့ အဆင်သင့်ရှိနေပါတယ်” ဟု ပြောကြားသည်။

အင်တာနက်။



နယူးကာဆယ်အသင်းနှင့် ငါးနှစ်ခွဲ စာချုပ် သက်တမ်းတိုးလိုက်သည့် နောက်ခံကစားသမား မိုက်ဝီလျံဆင်။

မာတင်ကယ်လီနှင့် ဒင်နီရယ်ပါချိုကိုတို့ကို လီဗာပူးဆက်ထိန်းမည်

လီဗာပူး ဒီဇင်ဘာ ၅

ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်တွင် ရလဒ်ဆိုးများဖြင့် ရင်ဆိုင်နေရပြီး အမှတ်ပေးဇယားအဆင့်(၁၀)သို့ ရောက်ရှိနေသည့် လီဗာပူးအသင်းသည် အသင်းရှိ ကစားသမားများဖြစ်သည့် တိုက်စစ်မှူး ဒင်နီရယ်ပါချိုကိုနှင့် နောက်ခံကစားသမား မာတင်ကယ်လီတို့ကို အသင်းတွင် ဆက်လက်ထိန်းထားမည်ဖြစ်ပြီး ယင်းကစားသမားနှစ်ဦးအား ၂၀၁၄ ခုနှစ်အထိ ရှိနေစေမည့် စာချုပ်သစ်ထပ်မံချုပ်ဆိုသွားမည်ဖြစ်သည်။

လီဗာပူးအသင်းတွင်သာ ဆက်လက်ရှိနေမည့် နောက်ခံကစားသမား မာတင်ကယ်လီ။

ယင်းစာချုပ်သစ်တစ်ရပ်အတွက် ကစားသမားများနှင့် အသင်းကြားသဘောတူညီမှု ရရှိပြီးဖြစ်သည်။ အသက်(၂၀)ရှိ မာတင်ကယ်လီသည် အသင်းနှင့် စာချုပ်သက်တမ်း နောက်ထပ်တစ်နှစ်ကျော် ရှိနေသေးသော်လည်း ဆက်လက်၍ သုံးနှစ်သက်တမ်းတိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မာတင်ကယ်လီသည် ပရီမီယာလိဂ်ပွဲစဉ်(၁၁)တွင် လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည့်ပွဲတွင် နည်းပြ ရွိုင်းဟော့ဒ်ဆန် သဘောကျလောက်အောင် လုပ်ပြနိုင်ခဲ့သည်။ တိုက်စစ်မှူး ဒင်နီရယ်ပါချိုကိုမှာမူ ပုံမှန်ပွဲထွက်ခွင့် မရသော်လည်း အသင်းနှင့် နှစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

လီဗာပူးအသင်း ကာဒိုဇိုကို ဇန်နဝါရီတွင် ဝယ်ယူရန်စီစဉ်

လန်ဒန် ဒီဇင်ဘာ ၅

ပါရာဂွေးနိုင်ငံသား ရှေ့တန်းကစားသမား အော်စကာ ကာဒိုဇိုအား လီဗာပူးအသင်းကဝယ်ယူရန် ကမ်းလှမ်းချက်ကို လက်ခံရန် ဘင်ဖီကာအသင်းမှ ဆန္ဒရှိနေပါသည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘင်နီတက်ဇ် လက်ထက်ကတည်းကပင် ကာဒိုဇိုအား စိတ်ဝင်စားလျက်ရှိပြီး ယခုလက်ရှိ လီဗာပူးနည်းပြ ရွိုင်းဟော့ဒ်ဆန်ကလည်း ၎င်းအား ဝယ်ယူရန် မျက်စိကျလျက်ရှိနေသည်။

အသက် (၂၇) နှစ် ရှိပြီဖြစ်သော ကာဒိုဇိုသည် ဘောလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ ကစားနိုင်သူတစ်ဦးဖြစ်ပြီး ပေါ်တူဂီလိဂ်၌ ၉၁ ပွဲတွင် ဘင်ဖီကာအသင်းအတွက် ၆၁ ဂိုးသွင်းပေးပြီးဖြစ်သည်။ ပြီးခဲ့သည့်ရာသီ ယူရိုပါလိဂ်တွင် လီဗာပူးအသင်းနှင့် ဆုံတွေ့ရာတွင် သုံးဂိုးသွင်းပေးထားပြီးကတည်းက ကာဒိုဇိုအား လီဗာပူးပရိသတ်များက စိတ်ဝင်တစား ဖြစ်လာခဲ့ကြသည်။

လီဗာပူးအသင်း၏ စိတ်ဝင်စားခြင်းကို ခံနေရသည့် ကာဒိုဇို။

ဘင်ဖီကာအသင်းက ကာဒိုဇိုအား လီဗာပူးအသင်းသို့ ပေါင် ၁၈ သန်းခန့်ဖြင့် ရောင်းချရန် ဆန္ဒရှိနေပြီဟု သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းက တိုက်စစ်မှူးသစ်များ ဝယ်ယူရန်ချိတ်ဆက်ထားပြီး နည်းပြရွိုင်းဟော့ဒ်ဆန်က ၎င်း၏အသင်းအတွက် တိုက်စစ်မှူး ငါးဦး(သို့မဟုတ်) ခြောက်ဦးအထိဝယ်ယူရန် ဆန္ဒရှိနေသည်။ အဆိုပါဝယ်ယူမည့်ကစားသမားစာရင်းတွင် ကာဒိုဇိုပါဝင်ပြီး ၎င်းအားဝယ်ယူရန် မန်ချက်စတာစီးတီးကလည်း ဆန္ဒရှိနေပါသော်လည်း လီဗာပူးအား ဦးစားပေးရောင်းချရန် ဆန္ဒရှိနေပါသည်ဟု ဘင်ဖီကာ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်တာနက်။

အာဆင်နယ်အတွက် ဂိုး ၂၀ သွင်းရန် ချာမက်ခ် ရည်မှန်း

လန်ဒန် ဒီဇင်ဘာ ၅

အာဆင်နယ်အသင်းမှ မော်ရိုကိုတိုက်စစ်မှူး ချာမက်ခ်က မိမိအနေဖြင့် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် ဂိုး ၂၀ သွင်းပေးနိုင်ရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက်(၂၂)နှစ်ရှိ အဆိုပါကစားသမားသည် အာဆင်နယ်အသင်း၏ တိုက်စစ်မှူးများဖြစ်သည့် ဘန်တနာနှင့် ဗန်ပါစီတို့ ဒဏ်ရာရနေချိန်တွင် တိုက်စစ်ပိုင်း၌ အာရှာဗင်နှင့် တွဲဖက်၍ ပုံမှန်ပွဲထွက်ခွင့်ရနေသူ ဖြစ်သည်။ ချာမက်ခ်သည် အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ်တွင် ခုနစ်ဂိုး သွင်းပေးထားပြီး အာဆင်နယ်အတွက် ပြိုင်ပွဲအရပ်ရပ်တိုင်းတွင် ၁၁ ဂိုး သွင်းပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

ဝင်းတင်(ကြေးမုံ)

မာကိုမာရင်အား ပေါင် ၁၆ သန်းကျော်ပေး၍ မန်ယူခေါ်ယူဖွယ်ရှိ

မန်ချက်စတာ ဒီဇင်ဘာ ၅

မန်ယူအသင်းသည် ပရီမီယာလိဂ်တွင် ရလဒ်များ ပြန်လည်ကောင်းမွန်လာသော်လည်း ကွင်းလယ်တွင် တောင်ပံကစားသမား နာနီတစ်ဦးတည်းကိုသာ အားကိုးနေရသည်။ ညာတောင်ပံကစားသမား ဗလင်စီယာမှာလည်း ဒဏ်ရာကြောင့် ကာလကြာရှည်စွာ နားနေရသည်။ ယင်းနေရာတွင် အစားထိုးဖြည့်တင်းရန်အတွက် တောင်ပံနေရာတွင် ကျွမ်းကျင်စွာကစားနိုင်သည့် ဂျာမန်ကလပ် ဝါဒါဘရီမင်မှ လူငယ်ကစားသမား မာကိုမာရင်ကို ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့သည်။

မန်ယူအသင်းသည် အဆိုပါကစားသမားအား ပေါင် ၁၆ ဒသမ ၅ သန်းထိပေး၍ ခေါ်ယူမည်ဟု ဆိုသည်။ မာကိုမာရင်မှာ ဘောလုံးပညာကြွယ်ဝခြင်းကြောင့် မက်ဆီနှင့် ခိုင်းနှိုင်း၍ ဂျာမန်မက်ဆီဟုပင် တင်စားခေါ်ဝေါ်ခြင်း ခံနေရသူဖြစ်သည်။ အဆိုပါကစားသမားအား ပရီမီယာလိဂ်အသင်းကြီးများဖြစ်သည့် စပါး၊ အာဆင်နယ်နှင့် လီဗာပူးတို့ အပြိုင်စိတ်ဝင်စားနေသော်လည်း မန်ယူနှင့် လက်မှတ်ထိုးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်တာနက်။

စပါးကို ရင်ဆိုင်ရန် လမ်းပတ်ပြန်လာမည်

လန်ဒန် ဒီဇင်ဘာ ၅

ဒဏ်ရာကြောင့် ကာလကြာရှည်စွာ အနားယူနေရသည့် လမ်းပတ်သည် ယခုအချိန်တွင် ဒဏ်ရာမှပြန်လည်သက်သာလာပြီး စပါးအသင်းနှင့်ပွဲတွင် ပြန်လည်ပါဝင်ကစားနိုင်လာတော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီက ပြောကြားသည်။

ချယ်လ်ဆီး ကွင်းလယ်ကစားသမား လမ်းပတ်သည် ခွဲစိတ်ကုသမှုခံယူပြီး လွန်ခဲ့သည့် ဩဂုတ်လကတည်းကပင် မကစားနိုင်ဖြစ်ခဲ့သည်။

အစဦးပိုင်းတွင် နှစ်ပတ်ခန့် နားရမည်ဖြစ်သော်လည်း ၎င်း၏ နောက်ဆက်တွဲ ဒဏ်ရာရရှိမှုများကြောင့် ဆက်လက်၍ မကစားနိုင်ဖြစ်ခဲ့ရခြင်းဖြစ်သည်။ သို့ရာတွင် လမ်းပတ်သည် ဒီဇင်ဘာ ၁၂ ရက်နေ့ ဗိုက်ဟတ်လိန်းတွင် စပါးနှင့် ကစားမည့်ပွဲအတွက် အသင်းတွင် ပြန်လည်ရောက်ရှိလာမည်ဟု မိမိယုံကြည်ပါကြောင်း အန်ဆန်လော့တီက ထပ်လောင်းပြောကြားခဲ့သည်။ ***အင်တာနက်။***

လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** မချမ်းဘောမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ယနေ့မြန်မာစံတော်အချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဒီဇင်ဘာ ၆ ရက် ညနေထိခန့်မှန်းချက် ။ ။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တွံတေးအလယ်ချောင်း အလက အာစရိယပူဇော်

ရန်ကုန် ဒီဇင်ဘာ ၅

တွံတေးမြို့နယ် အလယ်ချောင်း အလက၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက်က ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ၁၉၄၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ကျောင်းအုပ်ကြီးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ကျောင်းအုပ်ကြီးများဖြစ်ကြသည့် ဒေါ်နော်သိန်းမေ၊ ဒေါ်အီမီလီယာ၊ ဦးတင်ဦး၊ ဒေါ်သန်းမြဦး၊ ဒေါ်ခင်ညွန့်၊ ဒေါ်မရိုင်ယာတို့နှင့် တာဝန်ထမ်းဆောင်ဆဲ ကျောင်းအုပ်ကြီးများဖြစ်ကြသည့် ဦးတင်ထွန်း၊ ဒေါ်ကျင်ဌေးရီ၊ ဒေါ်သန်းသန်းမြင့်နှင့် ဦးဝင်းမြင့်တို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရသည်။**(အပေါ်ပုံ)** (ပညာရေး)

ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး ညွှန်ကြားချက်နှင့်အညီ မြို့တွင်းလမ်းများကောင်းမွန်ရေးအတွက် အနော်ရထာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းသန်းနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တိုင်းရင်းဆေးဖြင့် ကုသမှုနည်းလမ်းများကို သုတေသနပြုဖော်ထုတ်နိုင်မှုကြောင့် ငှက်ဖျား၊ သွေးတိုး၊ ဆီးချို၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါများကို ကုသနိုင်ပြီ

နေပြည်တော် ဒီဇင်ဘာ ၅

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။(အပေါ်ပုံ)

အဆိုပါ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးအရာရှိ Mr. Vinod Bura၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ တာဝန်ရှိသူများ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက အဖွင့်မိန့်ခွန်းပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားတိုးတက်လာစေရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းရေး၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့**❖

မျိုးချစ်မောင်၏
"သတိထားရမယ့် ရုပ်သေးရုပ်တွေ"(ဆောင်းပါး)
စာမျက်နှာ - ၈၊၉ တွင် ဖတ်ရှုနိုင်ပါသည်။